စိတ်ကူးချိုချိုအနုပညာ
mgyoe.com

နေဇင်လတ်

# ရွေးကောက်ပွဲများနှင့် နိုင်ငံရေးအသိအမြင်

mgyoe.com

mgyoe.com

နေဝင်းလတ်

# ရွေးကောက်ပွဲများနှင့် နိုင်ငံရေးအသိအမြင်

mgyoe.com

mgyoe.com

ရွှေကောက်ပွဲများနှင့်နိုင်ငံရေးအသိအမြင်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၄၆၀၅၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၂၄၆၀၆၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဣ . ဒ . ဝ ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၉(က)၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမ အကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လတွင် တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

၈၀၈ • ၈၄

နေဇင်လတ်

ရွှေကောက်ပွဲများနှင့်နိုင်ငံရေးအသိအမြင် / နေဇင်လတ် ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၂၁၈ မျက်နှာ၊ ၁၃ • ၂ စင်တီ× ၂၀ • ၅ စင်တီ

(၁) ရွှေကောက်ပွဲများနှင့်နိုင်ငံရေးအသိအမြင်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိုင်ငံတော်၊ နိုင်ငံသားနှင့် အစိုးရ | ၁ |
| ၂။ | နိုင်ငံရေး၊ နိုင်ငံရေးသိပ္ပံ | ၉ |
| ၃။ | နားလည်မှုမှ အကြွင်းမဲ့ယုံကြည်မှုသို့ | ၁၅ |
| ၄။ | အစိုးရ (၆) မျိုး | ၂၁ |
| ၅။ | ဒီမိုကရေစီ၊ တစ်ပိုင်းဒီမိုကရေစီနှင့် အာဏာရှင်နိုင်ငံရေးစနစ် | ၂၈ |
| ၆။ | မရေရာတာတွေပဲ သေချာတယ် | ၃၆ |
| ၇။ | တစ်ရွက်ကြွေ၊ နှစ်ရွက်ဝေ | ၄၃ |
| ၈။ | အကျိုးဆောင်အဖွဲ့အစည်းများ | ၅၁ |
| ၉။ | Yangon Media Group နှင့် အမေးအဖြေ | ၆၀ |
| ၁၀။ | နိုင်ငံတော် – အမျိုးသားနိုင်ငံတော် (State – Nation) | ၆၄ |
| ၁၁။ | CEO နှင့် အမေးအဖြေ | ၇၂ |
| ၁၂။ | True News Journal နှင့် အမေးအဖြေ | ၇၇ |
| ၁၃။ | ကွန်မြူနစ်ကျားပေါက် 'သို့မဟုတ်' ဗီယက်နမ် | ၈၁ |
| ၁၄။ | HR နှင့် အမေးအဖြေ | ၁၀၀ |
| ၁၅။ | ညှံ့တဲ့ကျွန်တော် | ၁၀၆ |
| ၁၆။ | သုံးပါးသောယုံကြည်မှု | ၁၁၄ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၇။ | ၂၀၁၀ နှင့် ရွေးကောက်ပွဲအကြို | ၁၂၀ |
| ၁၈။ | 'Apple' ၏သခင် (သို့) ဖန်တီးရှင် 'Steve Jobs' | ၁၂၈ |
| ၁၉။ | နိုင်ငံရေးစနစ်များ | ၁၄၁ |
| ၂၀။ | ပေးသောလက် ဖွေး၍ ယူသောလက်တို့လည်း ဖြူကြစေ | ၁၄၆ |
| ၂၁။ | နိုင်ငံတော်ဟုဆိုရာတွင် | ၁၅၁ |
| ၂၂။ | နိုင်ငံတစ်ခု တိုးတက် ဖွံ့ဖြိုးရေး | ၁၅၇ |
| ၂၃။ | အစိုးရသည်အေးဂျင့် | ၁၆၄ |
| ၂၄။ | ဘာမှမဟုတ် သို့သော် ... | ၁၇၀ |
| ၂၅။ | တစ်ဦးချင်းများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေများ | ၁၇၆ |
| ၂၆။ | ကိန်းသေ၊ ကိန်းရှင်၊ မသိကိန်း | ၁၈၃ |
| ၂၇။ | နားလည်၊ စာနာ၊ သိတတ်ကြစေ | ၁၈၈ |
| ၂၈။ | ပါတီများနှင့် နိုင်ငံတိုးတက်မှု | ၁၉၄ |
| ၂၉။ | နိုင်ငံရေးဝန်းကျင် | ၂၀၀ |
| ၃၀။ | အိုင်ဒီရော်လော်ဂျီနှင့် နိုင်ငံရေး | ၂၀၇ |
| ၃၁။ | ရွေးကောက်ပွဲများ | ၂၁၃ |


၀

mgyoe.com

mgyoe.com

# အမှာစာ

မကြာမီသော ကာလတစ်ခုတွင် နှစ်ပေါင်း (၂၀)ကျော် ခရီးတစ်ခု၏ ပထမဦးဆုံး မဲဆန္ဒပြုခြင်းကို နိုင်ငံရေးအသွင် ကူးပြောင်းခြင်း၏ နည်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်ကြရတော့မည်။ စည်းကမ်းပြည့်ဝ၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်မည်ဟု ကြေညာထားပြီး ဖြစ်သည်။ မဲဆန္ဒပေးခြင်းဖြင့် ရွေးကောက်ပွဲများသည် ဒီမိုကရေစီ မဟုတ်သေးသော်လည်း၊ ဒီမိုကရေစီလမ်းစဉ်တွင် မဲဆန္ဒနှင့် ရွေးကောက်ပွဲသည် အစိတ်အပိုင်းတစ်ခုတော့ ဖြစ်သည်။

နိုင်ငံတကာနှင့် အဆက်မပြတ်သော လုပ်ငန်းရှင်၊ ပညာရှင်၊ စာရေးဆရာတစ်ဦးအနေဖြင့် ကိုယ့်နိုင်ငံကို အများတကာနှင့် ရင်ပေါင်တန်းဖြစ်စေချင်သည်က တစ်ခုတည်းသော ဆန္ဒအရင်းခံ ဖြစ်ပါသည်။ တိုးတက်မှုကို လူတော်၊ လူကောင်းတို့ကသာ ဆောင်ကြဉ်းနိုင်ပါသည်။ ထက်မြက်သူ၊ အမြော်အမြင်ရှိသူ၊ နိုင်ငံတကာစနစ်တစ်ခုအတွင်း အလွယ်တကူ ဝင်ရောက်နိုင်စွမ်းရှိသူများကို အသုံးချရင်း နိုင်ငံများစွာတို့ တိုးတက်သွားခဲ့ကြပြီး ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲလာတော့မည့် အနာဂတ် မြန်မာ့လူမှုအဖွဲ့အစည်းတွင် ဆိုခဲ့ပြီးသော လူငယ်များ တစ်စုံတစ်ရာ အားကောင်းစွာဖြင့် ထွန်းကားလာရန် ဆန္ဒပြင်းစွာ ရှိခဲ့ရပါသည်။

သာမန် ကိုယ်စားလှယ်လောင်းတို့ဖြင့် အစွေ့တစ်ခုကို ဖန်တီးရယူနိုင်မည် မဟုတ်ပါ။ ထက်မြက်သူတို့ကို ပါတီများက ရှေ့တန်းတင်ကြရမည် ဖြစ်သည်။ နိုင်ငံရေးအသိအမြင် တစ်စုံတစ်ရာရရှိပြီး လူမှန်ရွေးနိုင်ကာ နိုင်ငံတော် တည်ဆောက်ရေးတွင် တာဝန်ကြေရာကြေစေကြောင်းဖြင့် ဤစာစုကို ရေးသားခဲ့ရခြင်း ဖြစ်သည်။

လေးစားလျက်

နေဇင်လတ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိုင်ငံတော်၊ နိုင်ငံသားနှင့် အစိုးရ

19th November 2009

**A state is a government structure, usually sovereign and powerful enough to enforce its writ.**

နိုင်ငံဆိုသည်မှာ အစိုးရအဖွဲ့တစ်ခု၏ ဖွဲ့စည်းထားမှုနှင့် အချုပ်အခြာအာဏာတည်ရှိကာ လိုက်နာဆောင်ရွက်ရန် အမိန့်စာတို့ကို ဥပဒေဖြင့် လိုက်နာစေသည်။ နိုင်ငံတစ်ခုဟု သတ်မှတ်ရန် အရည်အချင်း (၄) ပါးနှင့် ညီညွတ်ရသည်။

| | | |
|---|---|---|
| (၁) | အစိုးရတစ်ရပ်ရှိခြင်း | (Government) |
| (၂) | သတ်မှတ်နယ်မြေတစ်ခုရှိခြင်း | (Territory) |
| (၃) | လူဦးရေ | (Population) |
| (၄) | အချုပ်အခြာအာဏာတစ်ရပ်ရှိခြင်း | (Sovereignty) |

ဤတွင် 'နိုင်ငံ' ဟူသည်ကို တချို့က 'State'၊ တချို့က 'Nation' ဟု သုံးနှုန်းကြသည်။ အမှန်အားဖြင့် 'Nation' အဆင့် ဖွံ့ဖြိုးတိုးတက်လာသောအခါ 'State' ဟူ၍ ဖြစ်လာသည်။ (Nations must have developed before states.)။ အာဖရိကမှ 'Zulus' များသည် 'Tribe' ဟူသော မျိုးနွယ်စုအဆင့်မဟုတ်ဘဲ 'Nation' ဟူသော လူမျိုးစုကြီး ဖြစ်သည်။ လွန်ခဲ့သော ရာစုနှစ်ခုက ရက်စက်ကြမ်းကြုတ်သော စစ်သူရဲများဖြစ်သည့် 'Shaka' စသောလူမျိုးစုများမှ ဆင်းသက်လာပြီး ယခုအခါ Zulu လူမျိုးအဖြစ်သာ အားလုံးခံယူထားကြသည်။ ထို့နောက်မှ ဇူးလူးတို့၏ နိုင်ငံဖြစ်လာသည်။

mgyoe.com

mgyoe.com

အမေရိကန်ပြည်ထောင်စုသည် ကိုလိုနီ (၁၃) ခုကို စုစည်း၍ ဖွဲ့စည်းထားသည်။ ရွှေ့ပြောင်းလာကြသူများ၊ မတူညီသော ယဉ်ကျေးမှု၊ ဘာသာစကားများ ကွဲပြားသော်လည်း ပြည်နယ် (၅၀)အဖြစ် သတ်မှတ်ကာ အမေရိကန်နိုင်ငံ ဟူ၍ ဖန်တီးဖြစ်ပေါ်လာသည်။

အရပ်စကားအားဖြင့် နိုင်ငံ (Country) ဟု အသုံးအနှုန်းများသည်။ Nation ဟူသော အသုံးအနှုန်းသည် ရာစုနှစ်များစွာကပင် ပေါ်ပေါက်ခဲ့သော်လည်း ထိုစဉ်က 'နိုင်ငံ' ဟူသော ယခု အသိ၊ နားလည်မှုမျိုးဖြင့် မဟုတ်ခဲ့ချေ။ နေရာဒေသတစ်ခုအတွင်း နေထိုင်ကြသော လူစု၊ အဖွဲ့များက သူတို့ကိုယ်သူတို့ 'Nations' ဟု ခေါ်ဝေါ်ခဲ့ကြပြီး လူမျိုးစုများဟူသော အဓိပ္ပာယ်မျိုး သက်ရောက်ခဲ့သည်။ လက်တင်တို့၏အဓိပ္ပာယ်အရ 'မွေးဖွားခြင်း' 'မွေးရပ်' ဟု အဓိပ္ပာယ်ရပြန်သည်။ ဓလေ့ထုံးစံတစ်ခုကို လူမျိုးစုများစွာက မျှဝေကျင့်သုံးခြင်းဟူသော အယူအဆလည်း ရှိပြန်သည်။

(၁၇) ရာစုမှစ၍ ယနေ့ နားလည်ကြသော အဓိပ္ပာယ်မျိုးသို့ စတင် ကူးပြောင်းလာခဲ့ပါသည်။ Nation-State ဟူသည် လူထု (Nation) နှင့် အစိုးရဖွဲ့စည်းမှု (State) တို့၏ အစုအပေါင်းဖြစ်ပြီး အတိုအားဖြင့် Nation ဟူသော လူတိုင်းနားလည်သည့် နိုင်ငံအဖြစ် နှောင်းလူတို့ အသုံးပြုလာကြ၏။

**နိုင်ငံသား**

နိုင်ငံတစ်ခုအတွင်း မှီတင်းနေထိုင်ကြသူများဟု ယေဘုယျ နားလည်နိုင်သည်။ ထိုနိုင်ငံ၏ အသိအမှတ်ပြုမှုရရှိရန် လိုသည်။ လက်တင်ဘာသာမှ ဆင်းသက်လာပြီး ဦးစွာ မြို့ပြ (City) တွင်း နေထိုင်သူကို 'Citizen' ဟူသော နိုင်ငံသားအဖြစ် ဆိုလိုသည်။ (၁၇၈၉) ပြင်သစ်တော်လှန်ရေးအပြီးတွင် အယူအဆအနည်းငယ် ပြောင်းလဲလာပြီး ယဉ်ကျေးမှု၊ သမိုင်းကြောင်း၊ ဒေသလက္ခဏာများ ပါဝင်သော အယူအဆသည် နိုင်ငံသားဟူသော အဓိပ္ပာယ်ကို ပို၍ လေးနက်လာစေသည်။ ဤအယူအဆက အခြားနိုင်ငံနှင့် ကမ္ဘာသို့ ပျံ့နှံ့သွားသည်။ သို့သော်လည်း နောက်ပိုင်းတွင် နိုင်ငံတစ်ခုအတွင်း နေထိုင်သောသူ သို့မဟုတ် ပြင်ပတွင် နေထိုင်သော်လည်း ထိုနိုင်ငံက အသိအမှတ်ပြုသူကို နိုင်ငံသားဟု သတ်မှတ်သည်။

နိုင်ငံရေးပညာရှင်များက နိုင်ငံသားများအနေဖြင့် အောက်ပါအချက် (၉) ချက်ကို အခြေခံအားဖြင့် ရရှိသင့်သည်ဟု တညီတညွတ်တည်း သဘောတူသည်။

mgyoe.com

mgyoe.com



(၁) အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်း၊ ပါဝင်ခွင့်
Freedom to form and join organizations

(၂) လွတ်လပ်စွာထုတ်ဖော်ခွင့်
Freedom of expression

(၃) ဆန္ဒမဲပေးပိုင်ခွင့်
Freedom to vote

(၄) အများဆိုင်ရာ ရုံး၊ အဖွဲ့အစည်းများနှင့် ဆက်ဆံနိုင်ခွင့်
Eligibility for public offices

(၅) ထောက်ခံမှုတစ်ရပ်အတွက် နိုင်ငံရေးခေါင်းဆောင်များ ယှဉ်ပြိုင်နိုင်ခွင့်
Right of political leaders to compete for supports

(၆) ဆန္ဒမဲအတွက် နိုင်ငံရေးခေါင်းဆောင်များ ယှဉ်ပြိုင်နိုင်ခွင့်
Right of political leadersto compete for votes

(၇) သတင်းအချက်အလက်များအတွက် အခြားအရင်းအမြစ်များ
Alternative sources of information

(၈) လွတ်လပ်၊ မျှတသော ရွေးကောက်ပွဲ
Free and fair elections

(၉) မဲဆန္ဒနှင့် ပြည်သူ့ဆန္ဒပေါ်အခြေခံသော အစိုးရ၏ မူဝါဒများချမှတ်နိုင်ရန် ဥပဒေများ
Insittutions for making government policies depend on votes and other expressions of prefercences.

**နိုင်ငံတော်တည်ဆောက်ခြင်း**

နိုင်ငံတော်တစ်ခုကို တည်ဆောက်ရာတွင် လူမှုသိပ္ပံပညာရှင်များက အဆင့် (၅)ဆင့် လိုအပ်သည်ဟု ဆို၏။

(၁) စရိုက်လက္ခဏာ

နိုင်ငံတစ်နိုင်ငံ၏ စရိုက်လက္ခဏာ (Identity) သည် နိုင်ငံတစ်ခု တည်ဆောက်ရာတွင် ဦးစွာတွေ့ရမည့်အရေး ဖြစ်သည်။ ထိုနိုင်ငံတွင်း ယခင်က နေထိုင်ကြသော လူမျိုးများကို ကိုယ်စားပြုသင့်သည်။ သို့မဟုတ်ပါက နောက်ပိုင်းတွင် အကျပ်အတည်းများ ရှိလာနိုင်သည်။ ဆိုဗီယက်ပြည်ထောင်စုကြီးခေတ်ကာလက

mgyoe.com

mgyoe.com


စတာလင်၊ လီနင်တို့၏ နိုင်ငံရေးသြဇာကြီးမားမှုကြောင့် နိုင်ငံ၏ စရိုက်လက္ခဏာ (Identity) ထက် ကွန်မြူနစ်စနစ်၏သြဇာက ကြီးစိုးနေသည်။ ကွန်မြူနစ် တန်ခိုးသြဇာ လက်သီးဆုပ်ပြေသည်နှင့် ဆိုဗီယက်ပြည်ထောင်စုတွင်း ပါဝင်သော နိုင်ငံငယ်များမှာ သူတို့ကို ကိုယ်စားမပြုဟူသောပေါက်ကွဲမှုဖြင့် ခွဲထွက်ခဲ့ကြသည်။

ဗြိတိသျှအင်ပါယာတွင်းမှ အမေရိကန်တို့ ခွဲထွက်ခဲ့ကြရခြင်းမှာလည်း ဤသို့သော ခံစားချက်ကြောင့် ဖြစ်သည်။ နိုင်ငံတွင်း နေထိုင်ကြသော လူမျိုးများကို သာတူညီမျှရှိစေခြင်းသည် ထိုနိုင်ငံ၏ သွင်ပြင်လက္ခဏာတစ်ရပ်လည်း ဖြစ်သည်။

ပို၍ထင်ရှားသော သာဓကတစ်ခုမှာ ယူဂိုဆလားဗီးယား ဖြစ်သည်။ ထိုနိုင်ငံတွင်း နေထိုင်ကြသော ဆာ့ဗ်၊ ခရိုအက်၊ ဆလိုဗင်၊ ဘော့စနီးယားစသည်တို့ကို ကိုယ်စားမပြုခဲ့။ နိုင်ငံရေးမငြိမ်မသက်မှု၊ ခွဲထွက်မှုများကို ရင်ဆိုင်ရသည်။ ဤသည်ကို 'Identity Crisis' ဟုဆိုသည်။

## (၂) တရားဝင်မှု

Legitimacy ဖြစ်သည်။ ဥပဒေအရ တရားဝင်မှု ပါဝင်သကဲ့သို့ ထိုနိုင်ငံတွင်း နေထိုင်ကြသော ပြည်သူအများစု၏ လက်ခံနိုင်မှုလည်း ဖြစ်သည်။ အစိုးရတစ်ရပ်သည် နိုင်ငံသားတို့၏ လေးစားမှု၊ လိုက်ပါဆောင်ရွက်မှုတို့ကို ရရှိရန် ကောင်းစွာ ပျိုးထောင်နိုင်ရမည် ဖြစ်သည်။ အစိုးရက ချမှတ်ကျင့်သုံးသော ဥပဒေတို့သည် မှန်ကန်သည်၊ အများက လိုက်နာကျင့်သုံးနိုင်သည်ဟု ပြည်သူများက ယုံကြည်ရမည်။ တရားဝင်မှု၊ အများ၏လက်ခံနိုင်မှုမရှိလျှင် နိုင်ငံမရှိဟု ဆို၏။ (No legitimacy means no nation.)

## (၃) ပျံ့နှံ့၊ တစ်ပြေးညီ

နိုင်ငံတစ်ခု၏ စရိုက်လက္ခဏာ၊ တရားဝင်မှုတို့နှင့် ဆက်စပ်ပြီး အစိုးရတစ်ရပ်သည် ပြည်သူအများစုအပေါ် သာတူညီမျှမှု ရှိရမည်။ ဥပဒေတစ်ရပ်ကို လိုက်နာကျင့်သုံးရာ၌ ယဉ်ကျေးမှု၊ ဒေသကွာခြားသည်မှလွဲ၍ အားလုံး တူညီသင့်သည်။ ဥပမာအားဖြင့် နိုင်ငံတစ်ခုတွင်းရှိ ဒေသများကွဲပြား၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစေကာမူ ပြည်သူအားလုံး အခွန်ထမ်းဆောင်ရသည့်ပုံစံမျိုး၊ နိုင်ငံတော် ပြဋ္ဌာန်းသည့် ရုံးပိတ်ရက်များကိုလည်း ဒေသအားလုံးမှ ခံစားစေသည်မျိုး။

အစိုးရများသည် မြို့တော်များတွင် ဦးစွာ ဥပဒေကျင့်ထုံးများကို ချမှတ်လိုက်နာ စေသည်။ ထို့နောက် တဖြည်းဖြည်း ချဲ့ထွင်၍ အခြားမြို့၊ ရွာ၊ ဒေသများ

mgyoe.com

mgyoe.com

ကိုပါ အကျိုးသက်ရောက်စေ၏။ ဤသည်ကို Penetration ဟု ခေါ်သည်။ ဥပဒေတစ်ရပ်ကို နက်ရှိုင်းစွာ မလိုက်နာစေနိုင်မှု (Lack of Penetration) ဆိုသည်မှာ အချို့အစိုးရများသည် ဥပဒေကို စာအုပ်ထဲတွင်သာ ရေးသားကြပြီး လက်တွေ့တွင် ပြည့်ဝစွာ မလိုက်နာခြင်း၊ ခြွင်းချက်များထားခြင်း ဖြစ်သည်။

(၄) ပါဝင်ခြင်း

Participation ဟုဆိုသည်။ ပြည်သူများသည် အစိုးရတစ်ရပ်၏ အုပ်ချုပ်မှုအောက်တွင် ရှိနေသည်ဟူသော အသိရှိရန်ဖြစ်သကဲ့သို့၊ အစိုးရအပေါ်တွင်လည်း တောင်းဆိုခွင့်၊ ပြောဆိုခွင့်ရှိခြင်း ဖြစ်သည်။ အချို့သော နိုင်ငံများတွင် Elite ဟူသော လူမလိုင်တန်းတချို့ အခွန်ကင်းလွတ်ခွင့်ရနေခြင်း၊ အစိုးရအဖွဲ့ဝင်များ အခွန်ကင်းလွတ်နေခြင်းမျိုးသည် အားလုံး 'ပါဝင်မှုမရှိ' ခြင်းကို ပြသရာ ရောက်သည်။ အသက်ပြည့်သူအားလုံး စစ်မှုထမ်းရခြင်း၊ ဆန္ဒမဲပေးခွင့်ရှိခြင်း စသည်တို့ကို အားလုံး သီးခြားကင်းလွတ်ခွင့်မရှိဘဲ ပါဝင်ဆောင်ရွက်ရခြင်းမျိုး ဖြစ်သည်။

လူဖြူလူနည်းစုအုပ်စိုးသော အာဖရိကနိုင်ငံတချို့တွင် အခွင့်အရေးရရှိမှုနှင့် ဥပဒေသက်ရောက်မှုများ တူညီမှုမရှိကြချေ။ ဤသည်ကို 'Participation Crisis' ဟုဆိုသည်။ ဤအကျပ်အတည်းမျိုးကို မှန်မှန်ဖြည်းဖြည်းချင်း ဆောင်ရွက်ရသည်။ (၁၉) ရာစုတွင် ပြန်လည်ပြုပြင်ရေး ဥပဒေများကို (Reform Acts) တစ်ဆင့်ပြီးတစ်ဆင့် မှန်မှန် ဆောင်ရွက်နိုင်ခဲ့သည်။

ရွေးကောက်ပွဲများ၊ မဲဆန္ဒပေးပိုင်ခွင့်နှင့်ပတ်သက်၍ ဗြိတိသျှတို့ထက် စပိန်လူမျိုးတို့က များစွာ ရှေ့တန်းရောက်ခဲ့ဖူးသည်။ သို့သော်လည်း ရွေးကောက်ပွဲရလဒ်များကို ဒေသဆိုင်ရာ အကြီးအမှူးများက ထိန်းချုပ်ထားခဲ့ကြ၏။ ဤသို့ဖြင့် အားလုံး ညီမျှစွာပါဝင်မှုကို စပိန်တို့ မရခဲ့ကြတော့။

(၅) ဖြန့်ဝေခြင်း

ဘယ်သူ ဘာရသလဲ? ဟူသော (Who gets what) ပေါ် အခြေခံသည်။ Crisis of Distribution ကို ပုံသေဖြေရှင်း၍ မရချေ။ ရွေးကောက်ပွဲများတွင် နိုင်ငံသားတို့ ညီမျှစွာ ပါဝင်မဲပေးခဲ့ကြသော်လည်း အရွေးချယ်ခံတို့ အာဏာရလာသောအခါ ညီမျှသော အခွင့်အရေးများကို နိုင်ငံသားတိုင်းအား မပေးကြချေ။ ညီမျှစွာ ဖြန့်ဝေခြင်း မဟုတ်ဟု ဆိုသည်။ ဗြိတိန်မှ လေဘာပါတီ၊ နော်ဝေ၊ ဆွီဒင်နှင့်

mgyoe.com

mgyoe.com

ဂျာမနီမှ ဆိုရှယ်ဒီမိုကရက်တစ်ပါတီတို့သည် ရွေးကောက်ပွဲ ကတိကဝတ်များကို ရွေးကောက်ပွဲ အနိုင်ရရှိကြသည့်အခါ အပြည့်အဝ မဖြည့်ဆည်းနိုင်ကြချေ။ အမေရိကန်၌ သမ္မတကြီး ဖရင့်ကလင်ရုစ်ဘဲလ် (Franklin Roosevelt) နှင့် လင်ဒန်ဂျွန်ဆင် (Lyndon Johnson) တို့ လက်ထက်တွင် မဲပေးကြသော အလုပ်သမားလူတန်းစားတို့အတွက် အတော်ကလေး ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရသည်။

ဆင်းရဲချို့တဲ့သော လူတန်းစားတို့တွင် လူမှုသက်သာချောင်ချိရေးကို ပို၍ တောင့်တ လိုအပ်ကြသည်။ ဤသို့ လူမှုရေးကိစ္စ၊ အခွန်အတုတ် ကောက်ခံရေးကိစ္စတို့တွင် ဒီမိုကရက်များနှင့် ရီပတ်ဘလစ်ကင်တို့ သဘောထားသည် တစ်ထပ်တည်း ကျလေ့မရှိကြချေ။ (၁၉၇၉) အင်္ဂလန်တွင် ဝန်ကြီးချုပ် မာဂရက်သက်ချာ (Margaret Thatcher) နှင့် (၁၉၈၀) အမေရိကန်သမ္မတ ရော်နယ်ရီဂင် (Ronald Reagan) တို့လက်ထက်တွင် လူမှုရေးဖူလုံရေး အစီအစဉ်များကို လျှော့ချခဲ့ကြသည်။

**အစိုးရ**

နိုင်ငံတစ်နိုင်ငံတွင် တစ်စုံတစ်ရာ အင်အားကောင်းသော အစိုးရတစ်ရပ်သည် အရေးကြီး၏။ အင်အားကောင်း အစိုးရမရှိသောနိုင်ငံသည် ပျက်စီးနိုင်သည်။ မျက်မှောက်ကာလတွင် ဆိုမာလီးယား (Somalia) နိုင်ငံ၌ တစ်စုံတစ်ရာ အင်အားကောင်းသော အစိုးမရမရှိသည်ဖြစ်၍ နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားကာ အခြားနိုင်ငံများ၏ စွက်ဖက်မှုကို ကောင်းစွာခံနေရခြင်းသည် အခြားနိုင်ငံများအတွက် သင်ခန်းစာဖြစ်သည်။

နိုင်ငံတစ်ခု၏အစိုးရသည် အခြားနိုင်ငံတစ်ခုခု၏ ဩဇာမှ ကောင်းစွာ လွတ်မြောက်ကာ လွတ်လပ်မှုအပြည့်ဖြင့် စီမံခန့်ခွဲပိုင်ခွင့် ရှိရမည်။ (၁၉၄၀) တွင် ဗိုလ်ချုပ်ကြီး ချားလ်ဒီဂေါ (Gen. Charles de Gaule) က လွတ်လပ်သော ပြင်သစ်နိုင်ငံအဖြစ် ကြေညာခဲ့သည်။ (၁၉၄၄) ပြင်သစ်တို့က ဂျာမန်တို့၏ဩဇာမှ လွတ်မြောက်ခဲ့ခြင်းနှင့်အတူ အစိုးရ၊ နယ်မြေဒေသ၊ တစ်စုံတစ်ရာသော လူဦးရေ၊ လွတ်လပ်ရေး (အချုပ်အခြာအာဏာ) တို့ ပြင်သစ်တွင် ကောင်းစွာ တည်ရှိကြောင်း ကြေညာသည်။

နိုင်ငံတစ်နိုင်ငံ၏ အစိုးရတစ်ပါး အင်အားတစ်စုံတစ်ရာ အားနည်းခဲ့လျှင် ပြည်တွင်းရေးရာကိစ္စရပ်များ၊ နိုင်ငံတကာရေးရာကိစ္စရပ်များတွင် အခက်အခဲများနှင့် ရင်ဆိုင်ရသည်။ အစိုးရ အင်အားနည်းပါးခဲ့သောကြောင့် ကိုလံဘီယာ (Colom-

mgyoe.com

mgyoe.com


bia) အစိုးရသည် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကောင်းစွာ ကိုင်တွယ်နိုင်ခြင်း မရှိခဲ့။ မူးယစ်ရာဇာများက ကိုယ်ပိုင်စစ်တပ်များတည်ထောင်ကာ အစိုးရနှင့် အားပြိုင်ဖြစ်နေသည်။

အစိုးရနှင့် အစိုးရတစ်ရပ်၏ ဖွဲ့စည်းပုံကို ယဉ်ကျေးမှုခေတ်ဦးကပင် ကောင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုပြီး ဖြစ်သည်။ နိုင်ငံရေးပညာရှင် ဂျွန်လော့ခ် (John Locke) က အစိုးရများသည် ပြည်သူများ၏ အခွင့်အရေးများနှင့် အသက်အိုးအိမ် စည်းစိမ်ကို အကာအကွယ်ပေးရသည့် အဖွဲ့အစည်းတစ်ရပ်ဟု ရှုမြင်ခဲ့၏။ အုပ်စိုးသူများနှင့် အုပ်ချုပ်မှုကြား သဘောတူညီချက်တစ်ရပ်ကို အစိုးရက ကိုယ်စားပြုသည်ဟု ဆို၏။ ပြည်သူတို့ကို အလုပ်အကျွေးပြုသည့် အဖွဲ့အစည်းလည်း ဖြစ်သည်ဟု ရေးခဲ့သည်။

အစိုးရတစ်ရပ်မရှိသော လူ့အဖွဲ့အစည်းသည် ဒိုင်လူကြီးမရှိသော ဘော့စ်ဘော ကစားပွဲနှင့် တူသည်ဟု John Locke က ဥပမာပေးခဲ့၏။ ဒိုင်လူကြီး မရှိသော ကစားပွဲတွင် အမြဲတမ်း စောဒကတို့ ရှိနေမည် ဖြစ်သည်။ အစိုးရသည် လူတိုင်း လိုက်နာနိုင်သည့် ဥပဒေ၊ အများအကျိုးရှေးရှုသည့် ဥပဒေတို့ကို ချမှတ်ကျင့်သုံးရသည်။

**အစိုးရတို့၏ ဘုံရည်မှန်းချက်**

ခေတ်သစ်အစိုးရတစ်ရပ်၏ လုပ်ငန်းသည် ပြည်သူများ ကောင်းစွာ အသက်ရှင်နေထိုင်ရေး၊ တည်ငြိမ်ရေး၊ စီးပွားရေးတိုးတက်မှု၊ လူမှုသာယာဝပြောရေးတို့ ဖြစ်သည်။ ဤရည်မှန်းချက်အတွက် နိုင်ငံတစ်နိုင်ငံသည် ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရမည့်အပြင် ကောင်းစွာ ရပ်တည်နိုင်ရမည်လည်း ဖြစ်သည်။ နိုင်ငံသားတို့၏ လူနေမှုအဆင့်အတန်း မြင့်မားရန် အစိုးရတစ်ရပ်သည် စီးပွားရေးကို ကောင်းစွာ ကိုင်တွယ်နိုင်ရမည် ဖြစ်သည်။


- အစိုးရတစ်ရပ်သည် မည်မျှပမာဏသော စီးပွားရေးကို ပိုင်ဆိုင်/ ကြီးကြပ်သင့်သနည်း?
- အစိုးရတစ်ရပ်သည် မည်မျှသော နိုင်ငံ၏ ဓနကို ဆင်းရဲသော လူမှုအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးသင့်သနည်း?

ဤမေးခွန်းနှစ်ခုကို အစိုးရများ ကောင်းစွာ သဘောပေါက် ကိုင်တွယ်နိုင်ရပါမည်။ အဖြေမှာ အောက်တွင် ဖော်ပြထားသော ချဉ်းကပ်နည်း (၄) မျိုးပေါ်မူတည်သည်။

mgyoe.com

mgyoe.com






ပြင်သစ်၊ ဘရာဇီးတို့တွင် နိုင်ငံတော်က စီးပွားရေးပိုင်ဆိုင်မှု ပမာဏများပြီး အစိုးရက လူမှုသက်သာ ဆောင်ရွက်ပေးမှု နည်းသည်။ အမေရိကန်၊ ဆွစ်ဇာလန်တွင် အစိုးရက လူမှုသက်သာဆောင်ရွက်မှုနည်းပါးသကဲ့သို့ နိုင်ငံတော်မှ စီးပွားရေးပိုင်ဆိုင်မှုလည်း နည်းပါးသည်။ ဆိုရှယ်လစ်နိုင်ငံများဖြစ်ကြသော ဆိုဗီယက်၊ ကျူးဘားတွင် နိုင်ငံတော်မှ စီးပွားရေးပိုင်ဆိုင်မှု များပြားသလို လူမှုသက်သာ ဆောင်ရွက်မှုလည်း မြင့်သည်။ ဤနိုင်ငံမျိုးတွင် အစိုးရ၏ စီးပွားရေးယန္တရား အင်အားကောင်းလျှင် မထောင်းသာသော်လည်း စီးပွားရေးမကျွမ်းကျင်သော အစိုးရမျိုးတို့၌ ဝန်ထုတ်ဝန်ပိုးကြီးစွာ ဖြစ်စေသည်။ *Welfare State* များဖြစ်ကြသော ဆွီဒင်နှင့် ဒိန်းမတ်တို့တွင် စီးပွားရေး၌ အစိုးရ၏ကဏ္ဍ နည်းပါးသော်လည်း လူမှုသက်သာအတွက် အစိုးရ၏ တာဝန်ယူမှုကဏ္ဍ ကြီးမားသည်။

လေဆဲဖဲလ် *(Laisses-faire)* သည် အစိုးရ၏ပါဝင်မှု မရှိသလောက်ဖြင့် ပြည်သူများကို စီးပွားရေး လွတ်လပ်စွာ ဆောင်ရွက်စေသောစနစ် ဖြစ်သည်။ ပြင်သစ်စကားဖြစ်ပြီး *"Let it be"* ဟူသော အဓိပ္ပာယ်ရသည်။ စီးပွားရေးပညာရှင်ကြီး *Adam Smith* ၏ အယူအဆပေါ်အခြေခံပြီး ဈေးကွက်ကို အစိုးရမှ ပါဝင်စွက်ဖက်ခြင်း ကင်းလွတ်စေသောစနစ် ဖြစ်သည်။ အမေရိကန်သမ္မတကြီးသောမတ်စ်ဂျက်ဖာဆင် *(Thomas Jefferson)* က ဤချဉ်းကပ်မှုဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး သူ၏ထင်ရှားသော စကားပိုဒ်မှာ *"That government is best that governs least."* "စွက်ဖက်မှုအနည်းဆုံးအစိုးရသည် အကောင်းဆုံး" ဟူသော အဓိပ္ပာယ်ရ၏။

ဝ

*( Source : State, Citizen and Government)*

mgyoe.com

mgyoe.com

# နိုင်ငံရေး၊ နိုင်ငံရေးသိပ္ပံ

20th November 2009

**နိုင်ငံရေး**

'လူသည် နိုင်ငံရေး၏သားကောင်' ဟု အဓိပ္ပာယ်ဖွင့်ဆိုပြီးဖြစ်၏။ လူတို့၏ နေ့စဉ် ဆောင်ရွက်မှုများသည် ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ နိုင်ငံရေးနှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်နေသည်။ စားဝတ်နေရေးအတွက် လုပ်ရှားရုန်းကန်နေရခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ထုတ်ကုန်၊ ဝင်ငွေ၊ သုံးစွဲမှုတို့ကို တွက်ချက်ရာတွင် ပါဝင်ရ၏။ ဘာသာရေး၊ လူမှုရေးတို့ကို ဆောင်ရွက်နေခြင်းသည် ထိုနိုင်ငံ၏ Civil Society ဟူသော လူမှုအဖွဲ့အစည်း တိုးတက်ရာ တိုးတက်ကြောင်း အထောက်အပံ့ ဖြစ်စေ၏။ စာရေးသား၊ ဟောပြော၊ တွေ့ဆုံ၊ ဆွေးနွေးခြင်းသည် ထိုနိုင်ငံ၏ လူသားအရင်းအမြစ် (Human Resource Development) တိုးတက်ရာတိုးတက်ကြောင်း အထောက်အပံ့ ဖြစ်စေပြန်သည်။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်၏ ဆောင်ရွက်မှုသည် နိုင်ငံ၏အရေးအရာနှင့် ကင်းလွတ်သည်ဟူ၍မရှိ၊ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းသည်လည်း ထိုနိုင်ငံတွင်းနေထိုင်ကြသော အများပြည်သူများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများ အစုအစည်းမှ ထွက်ပေါ်လာသောရလဒ်ပေါ် မှီတည်သည်။

ပညာရှင်တချို့က နိုင်ငံရေးနှင့်ပတ်သက်၍ အခြေခံအကျဆုံးသော အဓိပ္ပာယ်ဖွင့်ဆိုမှုကို ဤသို့ ပေးခဲ့ဖူးသည်။

"Politics is the struggle of who gets what, when, how".

mgyoe.com

mgyoe.com

"ဘယ်သူ ဘာရမလဲ၊ ဘယ်တော့လဲ၊ ဘယ်လိုလဲ၊ ဤသို့သော ရှန်းကန်ရမှုကို နိုင်ငံရေး" ဟု ဒဲ့ဒိုးဖွင့်ဆိုမှုများ ခေတ်သစ်တွင် ရှိလာခဲ့ပြီ ဖြစ်သည်။

**နိုင်ငံရေးသိပ္ပံ**

နိုင်ငံရေးကို သိပ္ပံနည်းဖြင့် စနစ်ကျကျ လေ့လာသော ဘာသာရပ်ဟု အခြေခံအားဖြင့် ပြောနိုင်သည်။ နိုင်ငံရေးသိပ္ပံသည် နိုင်ငံတစ်ခုတွင်းရှိ အရေးအရာ၊ နိုင်ငံရေး၏ သွင်ပြင်လက္ခဏာတို့ကိုသာ လေ့လာသည်မဟုတ်၊ နိုင်ငံတစ်နိုင်ငံနှင့် အခြားနိုင်ငံများ၏ ဆက်ဆံရေး၊ ကမ္ဘာပေါ်ရှိ နိုင်ငံများ၏ အပြောင်းအလဲ၊ အယူအဆသစ်များကိုပါ လေ့လာသည်။ အနည်းဆုံး အဓိက ကဏ္ဍကြီး (၈) ခုအပေါ် လေ့လာသည်။

(၁) နိုင်ငံရေး၏အမူအကျင့်နှင့် အင်စတီကျူးရှင်းများ
Political behavior and institutions

(၂) နှိုင်းရ အစိုးရအုပ်ချုပ်ရေးစနစ်များနှင့် ပထဝီအနေအထားအရ ကွဲပြားခြားနားသော ဒေသများရှိ နိုင်ငံရေးစနစ်များကို နှိုင်းယှဉ်လေ့လာသည်။
Comparative polities analyses and compares political systems within and across different geographic regions.

(၃) နိုင်ငံတကာဆက်ဆံရေးသည် နိုင်ငံများ တစ်ခုနှင့်တစ်ခု ဆက်ဆံရေးနှင့် နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများကို ဆန်းစစ်သည်။ ဥပမာ– UN ၊ ကမ္ဘာဘဏ်၊ NATP စသော နိုင်ငံတကာသရုပ်ဆောင်များ၊ အကြမ်းဖက်မှုများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများနှင့် မည်သို့ဆက်ဆံသည်ဆိုသော အခြေအနေ။
(International relations investigate relations among nation states and activites of international)

(၄) နိုင်ငံရေးသီအိုရီများက အခြေခံကျသော နိုင်ငံရေးအယူအဆများ၊ ဥပမာအားဖြင့် ပါဝါနှင့် ဒီမိုကရေစီကို ဆန်းစစ်သည်။ "တစ်ဦးချင်းစီနှင့် နိုင်ငံတော် မည်သို့ဆက်နွယ်သင့်သနည်း ?" ဆိုသော မေးခွန်းမျိုးဖြင့် အရင်းကျကျ လေ့လာ၏။
(Political theory analyzes fundamental political concepts such as power and democracy and fundamental questions such as, "How should individual and the state relate?")

mgyoe.com

mgyoe.com


(၅) နိုင်ငံရေးနည်းပညာဆိုင်ရာသည် နိုင်ငံရေးသိပ္ပံပညာရှင်များ မေးသည့် မေးခွန်းများ၊ စူးစမ်းမှုများ၊ ဖြေကြားမှုများအတိုင်း အဆက်အဆံပြုသည်။
Political methodology deals with the ways that the political sciencitists ask and investigate political science questions.

(၆) အများဆိုင်ရာမူဝါဒသည် အစိုးရတစ်ရပ်၏ အများနှင့်ဆိုင်ရာ ဆုံးဖြတ်ချက်များ၏ လုပ်ငန်းစဉ်ကို ဆန်းစစ်သည်။
Public policy examines the process by which governments make public decisions.

(၇) အစိုးရတစ်ရပ်၏ မူဝါဒအကောင်အထည်ဖော်မှုလုပ်ငန်းစဉ်ကို ပြည်သူ့စီမံခန့်ခွဲရေးက လေ့လာ၏။
Public administration studies the ways that government policies are implemented.

(၈) နိုင်ငံရေးဖြစ်စဉ်ရှိ ဥပဒေနှင့် တရားရုံးများ၏ အခန်းကဏ္ဍကို အများဆိုင်ရာ ဥပဒေက အလေးထားသည်။
Public law focuses on the role of law and courts in the political process.

**နိုင်ငံရေးသိပ္ပံသည်ပင် ဒီမိုကရေစီ**

နိုင်ငံရေးသိပ္ပံသည် နိုင်ငံရေးစနစ်များက မည်မျှ ပြည်သူကို အကျိုးပြုသည်၊ မပြုသည်၊ ကိုယ်စားပြုသည်၊ မပြုသည်ကို ပြည်သူဘက် အခြေခံလေ့လာသော ဘာသာရပ်ဖြစ်သဖြင့် နိုင်ငံရေးသိပ္ပံသည်ပင် ဒီမိုကရေစီတစ်ပါး ဖြစ်၏။ တိုးတက်ကြသောနိုင်ငံတို့၏ နိုင်ငံရေးဖြစ်စဉ်တွင် ဘာကြောင့် တိုးတက်ကြရသည်နှင့် ဆုတ်ယုတ်ကြသောနိုင်ငံတို့တွင် ဘာကြောင့် ဆုတ်ယုတ်ကြသည်ကို ထောက်ပြနိုင်သဖြင့် နိုင်ငံရေးသိပ္ပံပညာသည် နိုင်ငံရေးစနစ်များကို ပြင်ဆင်၊ ပဲ့ထိန်းပေးရာလည်းဖြစ်သည်။ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသောခေတ်တွင် ခေတ်နှင့်အတူယှဉ်၍ ပြောင်းလဲနိုင်ကြသောနိုင်ငံများရှိသလို အပြောင်းအလဲတွင် မလိုက်ပါနိုင်ကြသော နိုင်ငံများလည်း ရှိသည်။ နိုင်ငံရေးသိပ္ပံက ထိုသို့မလိုက်ပါနိုင်သော နိုင်ငံများအတွက် ရှေ့ဆောင်အလင်းပြလည်း မည်ပြန်သည်။

အယူအဆ၊ သီအိုရီအရ ကောင်းသော်လည်း လက်တွေ့တွင် ဖြစ်နိုင်ခြေနည်းပါးမှုတို့ကို နိုင်ငံရေးသိပ္ပံပညာက ဖော်ထုတ်နိုင်စွမ်းရှိသည်။ တစ်ချိန်က

mgyoe.com

mgyoe.com


ကွန်မြူနစ်တို့ ကြွေးကြော်ခဲ့သော "Same clothes, same food" ဟူသော ညီမျှစွာ ခံစားကြရမည်ဟူသော အယူအဆသည် လက်တွေ့ဘဝတွင် လုပ်အား၊ ဉာဏ်အား၊ ကံအား မတူနိုင်၍ ညီမျှစွာ ခံစားကြရခြင်းသည် လုံးဝမဖြစ်နိုင် ဆိုသည်မျိုးကို နိုင်ငံရေးသိပ္ပံပညာက ထိုစနစ်အကောင်အထည်မဖော်မီကပင် ဖော်ထုတ်နိုင်ခဲ့၏။

ပြည်သူတို့၏ လိုအပ်ချက်၊ အသိပညာတို့ကိုလည်း မျက်ခြေမပြတ် လေ့လာရသည်ဖြစ်ရာ အနာဂတ်တွင် ဖြစ်ပေါ်သင့်လျော်သည့် နိုင်ငံရေးစနစ်၊ နိုင်ငံရေးနှင့် စီးပွားရေးတို့၏ အဆက်အစပ်များကိုလည်း နိုင်ငံရေးသိပ္ပံပညာက အယူအဆသစ်တို့ဖြင့် မိတ်ဆက်နိုင်သည်။

**အစိုးရတို့ အားထားသင့်**

အတိတ်က နိုင်ငံရေးဖြစ်စဉ် တိုးတက်မှုတို့ကိုသာ ဖော်ထုတ်သည်မဟုတ်ပဲ မျက်မှောက်အခြေအနေတစ်ရပ်ကြောင့် အနာဂတ်တွင် ဖြစ်ထွန်းလာမည့် အကျိုးရလဒ်တို့ကိုလည်း နိုင်ငံရေးသိပ္ပံပညာက ဖော်ထုတ်နိုင်စွမ်းရှိသည်။ ဥပမာ အမေရိကန်ပြည်ထောင်စုလို နိုင်ငံမျိုးတွင် ရွေးကောက်ပွဲကာလအတွင်း အလုပ်လက်မဲ့ (၇%)ထက် ကျော်လွန်နေပါက လက်ရှိအစိုးရသည် နောက်တစ်ကြိမ် ရွေးကောက်ပွဲတွင် နိုင်ချေမရှိဟူသော ပုံသေနည်းမျိုး ထုတ်ဖော်ပေးသည့်ကိစ္စမျိုး။

**အားကောင်းလာသည့် နိုင်ငံရေးစနစ်**

(၁၉၁၇) ရုရှားတော်လှန်ရေးမှစ၍ ကွန်မြူနစ်စနစ်တို့ တစ်စုံတစ်ရာ အားကောင်းလာခဲ့ရာ (၁၉၇၀) ဝန်းကျင် တစ်ဝိုက်တွင် အထွတ်အထိပ်သို့ ရောက်ခဲ့၏။ စစ်အေးခေတ်တစ်လျှောက်လုံး အရင်းရှင်နှင့် ကွန်မြူနစ်တို့ စစ်မဖြစ်သော်လည်း တင်းမာမှု ကြီးထွားခဲ့သည်။ အရင်းရှင်စနစ် ကျင့်သုံးသောနိုင်ငံများက တစ်စတစ်စ တိုးတက်လာပြီး လက်ဝဲစနစ်ကျင့်သုံးသော ကွန်မြူနစ်၊ ဆိုရှယ်လစ်တို့ ဘာမှဖြစ်မလာကြသောအခါ စနစ်ကို အများက ပြန်လည်ဆန်းစစ်လာကြ၏။ အစိုးရတစ်ရပ်၏ ရွေးချယ်ခဲ့သော နိုင်ငံရေးစနစ်သည် ပြည်သူတို့ ကောင်းစား၊ သာယာဝပြောရန်ဖြစ်၍ ပြည်သူကို ကိုယ်စားပြုသင့်သည်။ အစိုးရသည်ပင်လျှင် ပြည်သူကို ကိုယ်စားပြုသော အဖွဲ့အစည်းတစ်ရပ် ဖြစ်၏။ အရင်းရှင်ဒီမိုကရေစီနိုင်ငံများ၌ ပြည်သူကို ကိုယ်စားမပြုသော အစိုးရတို့သည် နောက်ထပ် ရွေးကောက်ပွဲတွင် အနိုင်ရရန် အာမခံချက်မရှိကြသော်လည်း ကွန်မြူနစ်နိုင်ငံများတွင်

mgyoe.com

mgyoe.com

ထိုသို့သောရလဒ်တို့ကို မဖော်ထုတ်နိုင်ခဲ့ကြချေ။

စီးပွားရေးစနစ်ကောင်းကို ပုံဖော်ရန် ရွေးချယ်ခဲ့သော နိုင်ငံရေးစနစ်တွင် တာဝန်ရှိသော်လည်း ထိုနိုင်ငံရေးစနစ် ပြုပြင်ပြောင်းလဲရန်ထက် ထိုစနစ်ကိုအခြေခံ၍ အာဏာတည်မြဲရန် ကြိုးစားကြသည်ကို အများက သတိပြုမိလာကြတော့သည်။ နိုင်ငံရေးစနစ်ကို အကောင်အထည်မဖော်မီ၊ မကျင့်သုံးမီ ကြွေးကြော်ခဲ့သော မစားရဝခမန်းတို့သည် နှစ်ပေါင်းများစွာကို ကျော်ဖြတ်ခဲ့သည့်တိုင် ဘာမှမဖြစ်လာကြသောအခါ ကွန်မြူနစ်အခြေခံ ဆိုဗီယက် ကျဆုံးရတော့သည်။ ဆိုဗီယက်ပြည်ထောင်စုကြီးမှ နိုင်ငံတော်တော်များများ ခွဲထွက်၍ လက်ယာယိမ်းနိုင်ငံများအဖြစ် အသွင်ကူးပြောင်းကြ၏။ နှစ်ဆယ်ရာစုအလယ်လောက်တွင် တစ်စတစ်စ အားကောင်းလာသောစနစ်မှာ ဒီမိုကရေစီ ဖြစ်သည်။ ယနေ့ ကမ္ဘာကြီး၏ (၇၀%) ကျော်မှ ဒီမိုကရေစီကျင့်သုံးသောနိုင်ငံများဖြစ်ပြီး လာမည့် (၁၀) ခုနှစ်အတွင်း ကမ္ဘာ့ ငါးပုံ လေးပုံကျော်မှာ ဒီမိုကရေစီ ကျင့်သုံးသောနိုင်ငံများ ဖြစ်လာကြဦးမည် ဖြစ်သည်။

(၂၁) ရာစု အလယ်မတိုင်မီ ကမ္ဘာပေါ်ရှိ နိုင်ငံ (၂၀၀)ခန့်အနက် နိုင်ငံရေးတွင် အရင်းရှင် ဒီမိုကရေစီကို တစ်ကမ္ဘာလုံးနီးပါးမျှ ကျင့်သုံးကြမည်ဟု ခန့်မှန်းသည်။ စီးပွားရေးစနစ်တွင်လည်း ဈေးကွက်စီးပွားရေးသည် ရှောင်လွှဲ၍ မရသောစနစ်တစ်ခု ဖြစ်လာသည်။

**လက်ယာဝါဒသစ်**

ကမ္ဘာဦးဆောင်နိုင်ငံတစ်ခုဖြစ်သည့် အမေရိကန်တွင် (၁၉၈၀) ၌ Ronald Reagan သမ္မတဖြစ်လာပြီး (၁၉၇၉) တွင် အင်္ဂလန်၌ Margaret Thatcher ဝန်ကြီးချုပ်ဖြစ်လာသည်။ နိုင်ငံကြီးနှစ်နိုင်ငံကို ဦးဆောင်သည့် ခေါင်းဆောင်နှစ်ဦးလုံးက စီးပွားရေးတွင် အစိုးရက ဝင်ရောက်စွက်ဖက်သည့် Interventionism ကို ဆန့်ကျင်သူများ ဖြစ်သည်။ လွတ်လပ်သောဈေးကွက်ကို သူ့ သဘောအတိုင်း ရှိစေလိုကြသည်။ ဤသို့ စီးပွားရေးကိုပုံဖော်ခဲ့သော နိုင်ငံရေးစနစ်သစ်ကို လက်ယာဝါဒသစ် (The New Right) ဟု ခေါ်ခဲ့ကြ၏။

Milton Friedman နှင့် Friedrich Hayek တို့ကလည်း သူတို့၏ ရှုထောင့်အရ ဈေးကွက်ကို အစိုးရက ဝင်ရောက်စွက်ဖက်ခြင်းသည် ကောင်းကျိုးထက် ဆိုးကျိုးကို ပို၍ဖြစ်စေနိုင်သည်ဟု ဆို၏။ ထိုစဉ်ကာလက အမေရိကန်နှင့် အင်္ဂလန်တို့သည် နိုင်ငံရေးစနစ်အရရော၊ စီးပွားရေးစနစ်အရပါ အောင်မြင်ပြီး

mgyoe.com

mgyoe.com


ရွှေခေတ်လည်း ဖြစ်ခဲ့သည်။ သက်ချာ၏ လမ်းစဉ်အယူဝါဒ (Thatcherism) နှင့် ရီဂင် စီးပွားရေးဝါဒ (Reaganomics) ဟူ၍ပင် ကျော်ကြားခဲ့ပါ၏။

**ကိုယ်ကျိုးစီးပွား**

ရှေးအခါက နိုင်ငံရေးသည် နိုင်ငံတွင်းရှိ အများပြည်သူကောင်းစားရေးကို အခြေခံခဲ့သည်။ ပြည်တွင်းအခြေခံ အယူအဆမှသည် အင်အားကြီးနိုင်ငံများ စနက်ကြွယ်ဝမှုအတွက် လုပ်အား၊ သယံဇာတတို့ကို အနိုင်အထက်ရယူရင်း ကိုလိုနီနယ်ချဲ့ထွင်လာကြသည်။ ကိုယ်ကျိုးစီးပွားဟူသော National Interest ဖြစ်၏။ ဤအယူအဆပေါ်အခြေခံရင်း နိုင်ငံများသည် အင်အားတစ်စုံတစ်ရာ ရှိလာကြသောအခါ ကိုယ့်ပြည်တွင်းနိုင်ငံရေးမှထွက်၍ နိုင်ငံတကာဆက်ဆံရေးကို ပို၍ အာရုံထားလာကြတော့သည်။ ဤသည်မှာလည်း နိုင်ငံရေးဖြစ်၏။ သို့သော်လည်း နိုင်ငံတကာနိုင်ငံရေး (International Politic) ဖြစ်လာသည်။

နှစ်ဆယ်ရာစု နှောင်းပိုင်းကာလ သတင်းမီဒီယာနှင့် ဆက်သွယ်ရေးနည်းပညာ တဟုန်ထိုး တိုးတက်လာခြင်းက ကမ္ဘာဆန်မှုကို ပိုမိုမြန်ဆန် သွက်လက်စေသည့်အတွက်ကြောင့် နိုင်ငံတကာဆက်ဆံရေး ပိုမိုထိရောက်လာသည့်နည်းတူ ကိုယ်ကျိုးစီးပွားကာကွယ်ရေးကိုလည်း ပို၍ အာရုံစိုက်လာကြသည်။ ကိုယ်ကျိုးစီးပွားသည် မိမိနိုင်ငံ ပိုမိုကောင်းစားရေး၊ နိုင်ငံဓနပိုမိုတောင့်တင်းရေးအတွက် အခြေခံသဖြင့် နည်းပညာ၊ အသိပညာ၊ အင်အားများကို အသုံးရသဖြင့် ဤအရည်အချင်းမပြည့်မီသောနိုင်ငံများ ပို၍ ဆုတ်ယုတ်ကြရသည်။

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပုံသဏ္ဌာန်နှင့် အလားအလာသည် ထိုနိုင်ငံ၏ ခေါင်းဆောင်မှု၊ ခေါင်းဆောင်တို့၏ အသိပညာကြွယ်ဝမှု၊ အမြော်အမြင်တို့ပေါ်တွင် များစွာ မူတည်ပါသည်။ အရည်အချင်းတစ်စုံတစ်ရာ အားနည်းသော ခေါင်းဆောင်တို့လက်ထက်တွင် ထိုနိုင်ငံများ နောက်ကျန် ဆုတ်ယုတ်တတ်ပြီး ခေါင်းဆောင်များအားကောင်းသောကာလတွင် တိုးတက်မှုဖြစ်စဉ်ကို ရရှိတတ်ပါသည်။

အပြိုင်အဆိုင်များသောခေတ်၊ တွန်းတွန်းတိုက်တိုက် ရှိသောခေတ်၊ နိုင်ငံရေးကို အပြင်သို့ ထွက်ကြည့်တတ်သောခေတ်တွင် ခေါင်းဆောင်တို့ ထက်မြက်ကြရန် အထူးလိုအပ်ပါသည်။

၀

( Source ; International Politics )

mgyoe.com

mgyoe.com

# နားလည်မှုမှ အကြွင်းမဲ့ယုံကြည်မှုသို့

17th December 2009

**ယုံကြည်မှု (၃) မျိုး**

တကယ် ယုံကြည်ကြမှ ယုံကြည်မှု ကိုတည်ဆောက်၍ ရသည်။ Building Trust ဟူသည် သီအိုရီအရ လွယ်ကူသယောင်ရှိသော်လည်း လက်တွေ့၌ အကန့်အသတ်၊ အခက်အခဲများစွာကို ဖြတ်ကျော်ရသည်။ မြန်မာစကား၌ 'ယုံကြည်မှု' ဟူသော စကားသုံးလုံးကို လက်တွေ့ အကောင်အထည်ဖော်တည်ဆောက်ယူရာ၌ 'Trust' တစ်ခုတည်းဖြင့် လွယ်လွယ်ကူကူ၊ ခပ်ထိုးထိုး မရတတ်၊ 'ယုံကြည်မှု' ၏ နောက်ကွယ်၌ 'Trust', 'Confidence', 'Belief' ဟူသော ဖွားဖက်တော်များ အနည်းဆုံး ပါဝင်ရသည်။ အရာရာသည်ဆန္ဒာဓိကသာဖြစ်သည်။

Trust သည် တစ်စုံတစ်ရာ၊ တစ်ဦးတစ်ယောက်အပေါ် စိတ်ချရခြင်း၊ ယုံကြည်ရခြင်း အဓိပ္ပာယ်ရှိသည်။ ပုဂ္ဂိုလ်အခြေခံ သဘာဝပိုသည်။ တစ်ဖက်ယုံကြည်ခံတွင် Sincerity, honesty ဟူသော ရိုးသားမှု၊ မှန်ကန်မှုတို့နှင့် ပြည့်စုံရသည်။ တစ်ဖက်က တစ်ဖက်တည်းသို့ တစ်လမ်းသွားယုံကြည်မှုဖြင့် ယုံကြည်မှု တည်ဆောက်၍မရ၊ ယုံကြည်ခံကလည်း ယုံကြည်သူအပေါ် အပြန်အလှန်အားဖြင့် ယုံကြည်ရသည်။ ထိုအခါမှ အပြန်အလှန်ယုံကြည်မှုဟူသော "Mutual Trust" ကို ရနိုင်သည်။ အဖွဲ့အစည်းအသီးသီးတို့ တစ်စုံတစ်ရာသော ရည်ရွယ်ချက်များဖြင့် ပန်းတိုင်သို့ အတူလျှောက်လှမ်း၊ လက်တွဲဆောင်ရွက်ကြရာတွင်၊ အချင်းချင်း အပြန်ပြန်အလှန်လှန်ယုံကြသည်မျိုး ဖြစ်သည်။ စိတ်ချရသည့်သဘောများ ရှိ၏။

အပြန်အလှန် ယုံကြည်မှုအဆင့်သည် တစ်စုံတစ်ရာ ခရီးရောက်သည့် အဆင့် မဟုတ်သေး၊ တစ်စုံတစ်ရာသော ခရီးသို့ရောက်နိုင်ရန် ဖွားဖက်တော်တို့ လိုအပ်ပါသေးသည်။ ထိုခရီးသို့ အတူလက်တွဲနိုင်ရန် "Belief" ဟူသော ယုံကြည်မှု အမျိုးအစားတစ်ခု ရှိရပါသေးသည်။ Belief သည် အကြောင်းအရာ

mgyoe.com

mgyoe.com


အခြေခံသော သဘာဝပိုသည်။ "A strong feeling that something / somebody exists or is true" ။ တစ်စုံတစ်ရာ ဆောင်ရွက်မှု၊ တစ်ခုခုအပေါ် ရင်မှ ခံစားယုံကြည်မှု ဖြစ်သည်။ ဘာသာရေးဆိုင်ရာအပေါ် ယုံကြည်မှု၊ စာပေ အနုပညာဆိုင်ရာအပေါ် ယုံကြည်မှု၊ လမ်းစဉ်တစ်ခုအပေါ် ယုံကြည်မှုမျိုးဖြစ်သည်။ အပြန်အလှန်ယုံကြည်ကြပြီး သူတို့ (Mutually trusted) က တစ်စုံတစ်ရာသော ဆောင်ရွက်မှုကို ပူးပေါင်း ဆောင်ရွက်မှုပြုရာတွင် ထို ရည်မှန်းချက်၊ ပန်းတိုင်တို့ အပေါ် ခံစား၊ ယုံကြည်မှုမျိုး ရလာမည် ဖြစ်သည်။

Trust နှင့် Belief တို့ ပေါင်းဖက် ယုံကြည်သောအခါ တစ်စုံတစ်ရာ ခရီးသို့ ရောက်သည်။ သို့သော် လိုရာသို့ မဟုတ်နိုင်သေး။ နောက် ဖွားတော်တစ်ပါး သည် Confidence ဟူသော ယုံကြည်မှုတစ်မျိုး ဖြစ်၏။ အရည်အသွေးတစ်ရပ် ကို ပိုင်ဆိုင်သဖြင့် ဆောင်ရွက်မှုတို့၌ စိတ်ချယုံကြည်ကြခြင်း ဖြစ်သည်။ အရည် အသွေးအခြေခံသော သဘာဝပိုသည်။ ထိုသို့ ဆောင်ရွက်ရာ၌ အောင်မြင်မည်ဟု ယုံကြည်ခြင်းမျိုး ဖြစ်သည်။ ဤယုံကြည်မှု၌ အရည်အချင်းတစ်ရပ်ကို ပိုင်ဆိုင် ထားကြရန် လိုအပ်သည်။

သို့ဆိုလျှင် မြန်မာလို "ယုံကြည်မှု" ဟူရာ၌ ကွဲပြားသော ယုံကြည်မှု သုံးမျိုး (Trust, Belief, Confidence) တို့ ပါဝင်မှ ပြည့်စုံသည်ကို တွေ့ရ မည် ဖြစ်သည်။ သုံးမျိုးသော ယုံကြည်မှုဖြင့် ခရီးနှင်ပါမှ အကြွင်းမဲ့ယုံကြည်မှု (Absolute credence ) ကို ရမည်။ ခရီးတစ်ခုသို့ ကောင်းစွာ ရောက်နိုင်သည်။

ဘုရင့်နောင် ဖောင်ဖျက်နိုင်ခြင်းမှာ ယုံကြည်မှုတစ်ခုတည်းဖြင့် ဖောင်ဖျက် နိုင်ခြင်းမဟုတ်၊ ထောင်ထားခြားနား၍ ဦးနှိမ်ရန်သင့်သည်ဟူသော ဝါဒတစ်ရပ် အပေါ် ယုံကြည်မှု (Belief)၊ ဘုရင့်နောင်မင်းတရားကြီးနှင့် စစ်သည်တော်များ ကြား လူပုဂ္ဂိုလ်အပေါ် အပြန်အလှန်ယုံကြည်မှု (Mutual Trust)၊ မိမိတို့၏ စစ်ရည်စစ်သွေး၊ တိုက်ရည်ခိုက်ရည်ဖြင့် အင်အားနည်းသော်လည်း အောင်နိုင်ရ မည်ဟူသော အရည်အသွေးအပေါ် ယုံကြည်မှု (Confidence) တို့ကြောင့် အင်အား (၂၄)ဆ ကွာသောစစ်ပွဲကို ယုံကြည်စွာ ဖောင်ဖျက်တိုက်ခိုက် အောင်မြင် နိုင်ခြင်း ဖြစ်သည်။ ဤသုံးချက်နှင့် ပြည့်စုံသော ယုံကြည်မှုသည် အကြွင်းမဲ့ ယုံကြည်မှုဖြစ်၍ ခရီးရောက်သည်၊ အခက်အခဲများကို ကျော်လွှားနိုင်သည်။ သုံးမျိုး တွင် တစ်မျိုးပျက်၍မရ။

အနော်ရထာမင်းကြီးက အရည်းကြီးတို့ကို ဖယ်ရှားနိုင်သည်မှာလည်း ယုံကြည်မှု တစ်ခုတည်းကြောင့် ရခဲ့သည် မဟုတ်။ ထိုအချိန်က အရည်းကြီးတို့

mgyoe.com

အင်အား အလွန်ကောင်းချိန် ဖြစ်သည်။ ရှင်အရဟံ၏ စစ်မှန်သော ထေရဝါဒဗုဒ္ဓ လမ်းစဉ်အပေါ် Belief ဟူသော နက်နဲသည့်ဘာသာရေးယုံကြည်မှု၊ ထိုသို့ ဆောင်ရွက်ခြင်းတွင် ထိုသောလုပ်ရပ် မှန်ကန်သည်ဟူသော ယုံကြည်မှုက တွဲလျက်ပါလာသည်။ မိမိကိုယ်ရည်ကိုယ်သွေးအပေါ် တစ်စုံတစ်ရာစိတ်ချသည့် Confidence ဟူသော ယုံကြည်မှု၊ အရည်းကြီးတို့ကို ဖယ်ရှားနိုင်ရန် ပြည်သူများနှင့် သူ၏စစ်သည်တို့ကြား အပြန်အလှန် ယုံကြည်မှု (Mutual Trust) တို့ကြောင့် ထိုစဉ်က အောင်မြင်မှု၏အသီးအပွင့်ဖြစ်သော ထေရဝါဒဗုဒ္ဓဘာသာကို ယနေ့တိုင် ဆည်းကပ်နေနိုင်ကြရခြင်းဖြစ်သည်။

**အကျပ်အတည်းကိုကျော်လွှား**

မြန်မာ့နိုင်ငံရေးသည် တစ်စုံတစ်ရာသော အကျပ်အတည်းမှ ရုန်းထွက်နိုင်ရန် တာစူလျက်ရှိ၏။ (၂၀၁၀) တွင် ပါတီစုံဖြင့် တရားမျှတသော ရွေးကောက်ပွဲ ကျင်းပကာ စျေးကွက်စီးပွားရေးသို့ ချီတက်မည်ဟု လက်ရှိအစိုးရက ကြေညာပြီး ဖြစ်သည်။ မကြာသောကာလတွင် အတော်အသင့် အရေအတွက်ရှိ ပါတီများ ထွက်ပေါ်လာမည် ဖြစ်သည်။ ကမကထပြုသူသည် လက်ရှိအစိုးရ ဖြစ်သည်။ ထွက်ပေါ်လာမည့် ပါတီများနှင့် လက်ရှိအစိုးရတို့ကြား တစ်စုံတစ်ရာ ခရီးရောက်နိုင်သော ယုံကြည်မှုတို့ကို ကောင်းစွာ တည်ဆောက်ကြရမည် ဖြစ်သည်။ တစ်ဝက်တစ်ပျက်သော ယုံကြည်မှုဖြင့် ရလဒ်ကောင်းရသော အလုပ်တို့ မဖြစ်နိုင်ချေ။ အကြွင်းမဲ့ယုံကြည်မှုကို တည်ဆောက်နိုင်ရန် လိုသည်။

အကြွင်းမဲ့ယုံကြည်မှုကို တည်ဆောက်ရန် ဆိုခဲ့ပြီးသည့်အတိုင်း တစ်မျိုးတည်းသော ယုံကြည်မှုသည် လုံလောက်သော ယုံကြည်မှုမျိုးမဟုတ်၊ ယုံကြည်မှု (၃) မျိုးလုံးကို ထဲထဲဝင်ဝင်၊ နက်နက်နဲနဲ၊ ခိုင်မြဲစွာ တည်ဆောက်နိုင်ရန် ဦးစွာ လိုသည်။

ပါတီစုံဖြင့် ဒီမိုကရေစီအပေါ် ယုံကြည်သော Belief ။ Sponser နှင့် Participants တို့အကြား အပြန်အလှန် ယုံကြည်မှု (Mutual Trust) ။ ထိုသို့ နားလည်မှုအခြေခံ ပူးပေါင်းဆောင်ရွက်မှုဖြင့် လိုရာခရီးရောက်ရမည်ဟူသော ယုံကြည်မှု (Confidence) တို့ရှိရန် ဖြစ်သည်။ ဤယုံကြည်မှု (၃) မျိုးရရန် ပို၍ အခြေခံကျသောအရာသည် နားလည်မှုဟူသော "Understanding" ဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် နားလည်မှုပေးခြင်းဟု အဓိပ္ပာယ်ဖွင့်က ပို၍ လေးနက်နိုင်မည် ဖြစ်သည်။

mgyoe.com

mgyoe.com

**နားလည်မှု**

Understanding ဟူသော နားလည်မှုသည် လေးနက်၏။ သာမန် နားလည်မှုတို့ဖြင့် လက်ရှိအကျပ်အတည်းကို အထစ်အငေါ့မရှိ ချောမွေ့စွာ ကျော်လွှားနိုင်ရန် မလွယ်၊ နက်နဲသော၊ စွန့်လွှတ်သော၊ ခွင့်လွှတ်သော၊ အဆုံးစွန်သော နားလည်မှုတို့ဖြင့် ဖြည့်ဆည်းရန် လိုအပ်လာသည်။ နားလည်မှုသည် Informal Agreement တစ်မျိုး ဖြစ်သည်။ Ulter Understanding ဖြစ်ရန်လိုသည်။ ဘုံရည်မှန်းချက်တစ်ခု ပေါက်မြောက်ရန်အတွက် စွန့်လွှတ်၊ စွန့်စားရသည်များလည်း ရှိနိုင်သည်။ အဆုံးစွန်သော နားလည်မှုတွင် 'သာသည်၊ နာသည်' 'ရှုံးသည်၊ မြတ်သည်' ထက် ရည်မှန်းချက်သို့ရောက်ရန်သာ ရှေးရှုရသော နားလည်မှုမျိုး ဖြစ်ရန်လိုသည်။ နားလည်မှုတွင် 'နားလည်ပါသည်' ဟူမှုဖြင့် အရွေ့တစ်ခုမဖြစ်နိုင်၊ Informal Agreement ဖြစ်၍ Formal Agreement သို့ ဖန်တီးရန် လိုသည်။ အာမခံချက်တစ်ခုဟုဆိုလျှင် မမှား။

**အခြေအနေတစ်ရပ်ဖန်တီး**

စကားပြောခြင်းကို Talk, Dialogue, Discussion စသည်တို့ဖြင့် ဖော်ကျူး၏။ ဖြစ်နိုင်ခြေရှိသည်များကို ရှာဖွေခြင်းသည် Dialogue ဟူသော ခေါင်းစဉ်တွင် အကျုံးဝင်၏။ ဖြစ်နိုင်ခြေတို့ကို ရှာဖွေသည်ဖြစ်၍ အတိတ်ကို မေ့ထားရသည်။ ရာထူးဌာနသဏ္ဌာန်ရတို့ကို ထားခဲ့ရသည်။ နှစ်ဖက်တွင် ဘုံတူညီသော ရည်ရွယ်ချက်တို့ ရှိကြရသည်။ ဤသည်မှာ သာမန် အခြေအနေဖြစ်သည်။ နှစ် (၂၀) ကျော် ကြာခဲ့သော မြန်မာ့နိုင်ငံရေးအခြေအနေသည် ဤမျှလောက် လွယ်ကူမည် မဟုတ်၊ Dialogue တွင် Agenda မရှိရသော်လည်း တစ်ဖက်နှင့်တစ်ဖက် အာမခံချက်တစ်ခုတော့ ရှိလာရပေသည်။ Pre Condition သည် ဖြစ်နိုင်ခြေတို့ကို ရှာဖွေရာတွင် အတားအဆီးတစ်စုံတစ်ရာ ဖြစ်စေသော်လည်း Post Condition ကား၊ Dialogue ကို ချောမွေ့စေရာ အခြေအနေတစ်ရပ် ဖန်တီးမှု ဖြစ်ပါလိမ့်မည်။ Post Condition တွင် အာမခံချက်တို့ဖြင့် ဖြည့်ဆီးထားသင့်၏။

**Deadlock မဟုတ်**

မြန်မာ့လက်ရှိနိုင်ငံရေးအခြေအနေသည် Deadlock မဟုတ်၊ Stalemate အခြေအနေသာ ဖြစ်သည်။ လောလောဆယ် အတန်ငယ် ပြောင်းလဲလာသော အခြေအနေက တစ်စုံတစ်ရာ တိုးတက်မှုကို ပြသနေပါသည်။ နားလည်မှုတို့ လွဲ

m gyee.com


များလျှင်ကား Complete Failure ဟူသော Deadlock သို့ ရောက်သွားနိုင်ပါသည်။ အမြော်အမြင်ကြီး၊ ဉာဏ်ပညာကြီး၍ 'နိုင်ငံအတွက်' ဟူသော ဆန္ဒတို့ ရှင်သန်ကြလျှင်ကား ပို၍တိုးတက်သော အခြေအနေတစ်ရပ်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ Referee နှင့် Players တို့၏ သဘောသဘာဝကို မေ့မထားဘဲ ကစားပွဲအမှတ်ရရေးကိုသာ ဦးစားပေးသင့်သည်။ တစ်ချိန် နိုင်ငံတော်ကို ဦးဆောင်ကြမည့် နိုင်ငံရေးသမားများအတွက် အရည်အချင်းစစ်အဆင့်တစ်ခုကို ကျော်လွှားခြင်းဟု သဘောပိုက်နိုင်ရန် ဖြစ်သည်။

## သီအိုရီအခြေခံသော်လည်း

အိုင်ဒီယာတိုက်ပွဲ (Clash of Idealogies)တို့ သမိုင်းမှာကျန်ခဲ့ပြီ၊ သီအိုရီသည် တချို့၌ အခြေခံမျှသာ အသုံးဝင်သည်။ ရလဒ်အခြေပြုခေတ်ဖြစ်၍ 'တော်သည့်' 'တည့်သည့်' 'သင့်သည့်' တက်နှင့်သာ လော့တတ်ဖို့လိုသည်။ ဒီမိုကရေစီသို့ ရှေးရှုသော်လည်း "Agree to Disagree" သည် အခြေခံ၌သာ အသုံးဝင်သည်။ လက်ရှိ နိုင်ငံရေးအကျပ်အတည်း၌ "Agree to Disagree" ဖြင့် အဖြေတစ်ခုဖြစ်ရန် မစွမ်းဆောင်နိုင်။ တူညီမှုမှကွဲလွဲမှုသည် ဒီမိုကရေစီ၏ အခြေခံသဘာဝဖြစ်သော်လည်း လက်ရှိအခြေအနေမျိုးနှင့် Political End ဟူသော နိုင်ငံရေးအန္တိမရည်မှန်းချက်အဆင့်မျိုး၌ အားလုံးသည် Diagree to Agree ဖြစ်ရန်လိုသည်။ 'ကွဲလွဲမှုမှတစ်သဘောထဲ' ဖြစ်ရမည်ဟု ဆိုလိုသည်။ Agree to disagree သည် အခြေခံအဆင့်နှင့်သာဆိုင်ပြီး၊ End ဟူသောရည်မှန်းချက်အဆင့်မျိုးကို ဆိုလိုသည်မဟုတ်။

တစ်ချိန် ပါလီမန်ခေတ်က Ego များကြ၍ အဆင့်တိုင်းတွင် Agree to Disagree ဖြစ်ခဲ့သောကြောင့် ဒီမိုကရေစီ ပျက်သုဉ်းခဲ့ရခြင်းကို မမေ့သင့်။ (၁၈၈၅) နန်းတွင်း၌ Agree to Disagree ကြောင့်ပင် အင်္ဂလိပ်တို့ လက်ကျခဲ့ကြရသည်။ လက်ရှိအချိန်၊ လက်ရှိအခြေအနေသည် အားလုံးညီညွတ်စွာDisagree to Agree ဖြစ်သင့်သည့်အချိန် ဖြစ်သည်။

## အားလုံး တာဝန်ရှိသည်

နိုင်ငံတစ်နိုင်ငံတွင် မှီတင်းနေထိုင်ကြသော နိုင်ငံသားအားလုံး (Citizen) တို့သည် နိုင်ငံတော်တည်ဆောက်ရေး (State Building) ၌ တာဝန်ရှိကြသည်။ နိုင်ငံတည်ဆောက်ရေး၌ လာမည့်နှစ် ရွေးကောက်ပွဲသည် အရေးအလွန်ကြီးသော

mgyee.com

mgyoe.com


Political Process တစ်ခုဖြစ်၏။ ရိုးရိုး Process မဟုတ်၊ အရေးကြီးသော "Vital Process" တစ်ခုဖြစ်၏။ အခြေအနေရော၊ အနေအထားရောသည် သာမန်အခြေအနေ၊ သာမန်အနေအထားမျိုး မဟုတ်ချေ။ အတိမ်းအစောင်းမခံ၊ လေတိုးခံမရသော အခြေအနေမျိုး ဖြစ်သည်။

နိုင်ငံရေးသမား၊ ပါတီများတွင်သာ တာဝန်ရှိသည်မဟုတ်၊ နိုင်ငံသားတိုင်းတွင်လည်း တာဝန်ရှိသည်။ ထို့ထက် ပို၍ တစ်စုံတစ်ရာ အင်အားရှိသော မီဒီယာများတွင်လည်း တာဝန်ရှိကြသည်။ Destination ဟူသော ရည်မှန်းချက်ရောက်ရန် ရွက်လွှင့်လာသောလှေကို ပံ့ပိုးပေးသည်မှာလည်း မီဒီယာဖြစ်သလို၊ တွန့်ဆုတ် နောက်ပြန်လှည့်စေနိုင်သည်မှာလည်း မီဒီယာပင် ဖြစ်သည်။ မီဒီယာသည် တိုင်းပြည်၏ နား၊ မျက်စိမကတော့၊ ခေတ်သစ်တွင် မီဒီယာသည် တိုင်းပြည်၏ ဦးနှောက်အစိတ်အပိုင်းတစ်ခုအဖြစ် ရောက်မှန်းမသိ ရောက်လာခဲ့ပြီ ဖြစ်သည်။

**ဤခရီးမဝေးပါ**

လာချင်လျှင် နီးသည်၊ မလာချင်လျှင် ဝေးသည်။ ခရီး၏အကွာအဝေးသည် ဆန္ဒပေါ်မှာသာ တည်၏။ နိုင်ငံရေးအကျပ်အတည်းသည် ဤနေရာတွင် ဤတစ်ကြိမ်သာ ဖြစ်သည်မဟုတ်၊ များစွာသောနိုင်ငံတို့၌ များစွာသောအကြိမ်တို့ ဖြစ်ခဲ့ဖူးသည်ဖြစ်နေဦးမည်လည်းဖြစ်သည်။ Players တို့ အမြော်အမြင်ကြီးရန်၊ ဉာဏ်ပညာကြီးရန်၊ ကျွမ်းကျင်မှုရှိရန်သာလိုသည်။ တောင်အာဖရိကလို အသိနိမ့်ပါးသော နိုင်ငံတစ်နိုင်ငံကပင် ကိုယ့်ထက်ဆိုးသော အကျပ်အတည်းမျိုးမှ ရုန်းထွက်နိုင်ခဲ့ဖူးသည်။ ဇင်ဘာဘွေအကျပ်အတည်းကလည်း ကိုယ့်ထက်လျော့သည်မဟုတ်။

သားသမီးများနှင့်တူသော မျိုးဆက်သစ်တို့အရေး ဆန္ဒစွဲလျှင် ခွင့်လွှတ်စိတ်တို့ဖြင့် ယုံကြည်မှုတည်ဆောက်ရာသည်။ တစ်ဘဝကူးလျှင် ဘယ်သူမှ ဘာမှ ယူသွားနိုင်ကြသည် မဟုတ်၊ မျိုးဆက်သစ်တို့အတွက် အမွေကောင်းတို့ကို ထားခဲ့နိုင်ရန်သာ ဖြစ်သည်။ ဤသည်ကို တာဝန်ကျေသည်ဟု ခံယူသည်။ သို့ဆိုလျှင် အကြွင်းမဲ့ယုံကြည်မှု တည်ဆောက်နိုင်ပါလိမ့်မည်။

ဝ

mgyoe.com

mgyqe.com

# အစိုးရ (၆) မျိုး

20th November 2009

အရစ္စတိုတယ်လ် (Aristotle) က အစိုးရ (၆) မျိုးရှိသည်ဟု ဆိုသည်။ ပထမတစ်မျိုးဖြစ်သော မိုနာခီ (Monarchy) သက်ဦးဆံပိုင်၊ ဘုရင်စနစ်သည် တစ်မျိုးသောအာဏာရှင်စနစ် ဖြစ်သည်။ အစိုးရ၏ပါဝါသည် တစ်ဦးတည်းတွင်သာ ရှိ၏။ အုပ်စိုးသူသည် အားလုံး၏ကိုယ်စား နောက်ဆုံး အဆုံးအဖြတ်ပေးသူဖြစ်ပြီး တစ်ဦးတစ်ယောက်၊ အုပ်စုတစ်စုအတွက် အခြားသူတစ်ဦး၏စရိတ်ဖြင့် အကျိုးမရှိစေရ။ မိုနာခီမှ အရည်အချင်း ပျက်ယွင်း၍ အဂတိကြီးမားလာသောအခါ ဒုတိယအမျိုးအစားဖြစ်သော တိုင်ရယ်နီ (Tyranny)ဟူသော အာဏာရှင်၊ မင်းဆိုးမင်းညစ် ဖြစ်လာသည်။ ကိုယ်ကျင့်ပျက်ပြား၊ အကျင့်သိက္ခာ ပျက်ပြားသည့် အဆင့်ဖြစ်သည် (Corrupt form)။ သက်ဦးဆံပိုင် (Monarch)တို့သည် သူတို့အကျိုးစီးပွားအတွက်နှင့် သူတို့၏ မိတ်ဆွေများအတွက် ပြည်သူတို့၏အကျိုးကို မျက်ကွယ်ပြုပြီး အာဏာဟူသမျှကို အသုံးပြုတတ်၏။

| Who governs | **Legitimate Forms:** Rule in the interest of all | **Corrupt Forms:** Rule in the interest of selves |
|---|---|---|
| One | Monarch | Tyranny |
| Few | Aristocracy | Oligarchy |
| Many | Polity | Democracy |

ဒုတိယ ဒေါင်လိုက်အကွက်တွင် အစိုးရ (၃) မျိုးရှိပြီး တရားဝင်မှု၊ အများလက်ခံနိုင်မှုပုံစံအောက်တွင် ရှိသည်။ အများကို ကိုယ်စားပြုပြီး အများအကျိုးစီးပွားကို ဖော်ဆောင်သည်။ တတိယ ဒေါင်လိုက်အကွက်တွင်လည်း အစိုးရ(၃)မျိုး

mgyqe.com

mgyoe.com

ရှိပြီး ကိုယ်ကျင့်ပျက်၊ အဂတိမကင်းပုံစံဖြစ်သည်။ ကိုယ်ကျိုးစီးပွားကို ရှေးရှုသည်။

ဤ (၆) မျိုးသော အစိုးရတို့တွင် 'Polity' ပုံစံအစိုးရသည် အကောင်းဆုံး ဖြစ်သော်လည်း ရှေးအခါကသာ ကျင့်သုံးနိုင်ခဲ့ပြီး မျက်မှောက်ခေတ်တွင် ကောင်းစွာ ကျင့်သုံးနိုင်မှုမရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် သူ့ထက် တစ်ဆင့်နိမ့်သော ဒီမိုကရေစီကို ကျင့်သုံးနေကြခြင်း ဖြစ်သည်။ ဒီမိုကရေစီတွင်လည်း အကျင့်ပျက်၊ လာဘ်စားမှုတချို့ရှိသော်လည်း (who govern) တွင် အများ (many) ဖြစ်၍ ပြန်လည်ထိန်းကျောင်းမှုများရှိနေသဖြင့် အခြားစနစ်များထက် အပြစ်အနာအဆာ နည်းပါးပါသည်။ အခြားစနစ် (၄)မျိုး (Monarch, Tyranny, Aristocracy နှင့် Oligarchy) တို့တွင် အာဏာသည် တစ်ဦး/လူနည်းစုတွင်သာရှိသဖြင့် အာဏာအလွန်အကျွံ အသုံးပြုမှုများ၊ ဟန်ချက်ထိန်းသိမ်းမှု အားလျော့နည်းပါးခြင်းနှင့် အများကို ကောင်းစွာ ကိုယ်စားမပြုနိုင်မှုများနေကြောင်း တွေ့ရ၏။

တတိယအမျိုးအစားမှာ အရစ္စတိုခရေစီ (Aristocracy) အစိုးရမျိုးဖြစ်ပြီး သူကောင်းမျိုး၊ အထက်တန်းလွှာ တစ်ဦးက အုပ်ချုပ်ခြင်း ဖြစ်သည်။ ပညာထက်မြက်ခြင်း၊ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ခြင်းတို့ဖြင့် ပြည့်စုံသည်။ အရစ္စတိုတယ်လ်၏ စံနှုန်းအရ Aristocracy ပုံစံသည် Monarch ပုံစံ တစ်ဦးတည်းအုပ်စိုးခြင်းထက် သာလွန်သည်။ သို့သော်လည်း နှောင်းကာလတို့တွင် လူကိုအာဏာဖျက်သောကြောင့် ဤပုံစံလည်း ကောင်းစွာ စံနှုန်းမကိုက်နိုင်တော့၊ Aristocracy တွင် လူနည်းစု (a few)က အုပ်စိုး၍ ဟန်ချက်ထိန်းညှိမှု ရှိသော်လည်း အားနည်းသည်။ Monarch တွင် ပါဝါဟန်ချက်ထိန်းညှိမှု လုံးဝမရှိ။ Aristocracy မှ ပျက်ယွင်းလာသောအခါ စတုတ္ထအမျိုးအစား အိုလီဂါခီ (Oligarchy) အစိုးရ ဖြစ်လာသည်။

Aristocracy သည် ဥပဒေအရ တရားဝင်မှု၊ ပြည်သူများ လက်ခံနိုင်မှုရှိသော ပုံစံအောက်တွင် ဖြစ်သော်လည်း Oligarchy ပုံစံတွင် ကိုယ်ကျင့်သိက္ခာပျက်ယွင်းသောပုံစံအောက် ရောက်သွားသည်။ ဤ ကိုယ်ကျင့်ပျက် လူနည်းစုအုပ်စိုးသော အစိုးရပုံစံအောက်တွင် အစိုးရတို့၏အာဏာသည် အများကိုကိုယ်စားမပြုနိုင်တော့၊ အများကောင်းစားရေးထက် အုပ်စိုးသူ လူနည်းစုနှင့်၊ ရင်းနှီးသူများ၏ အကျိုးစီးပွားကိုသာ ဦးစားပေးသည်။ ဤ စတုတ္ထမြောက်ပုံစံအစိုးရမျိုးကို ကမ္ဘာအနှံ့အပြား ကောင်းစွာ တွေ့နိုင်သေးသည်။

အရစ္စတိုတယ်လ်၏ စံနှုန်းအရ ပဉ္စမမြောက်ပုံစံ Polity အစိုးရ (Consti-

mgyoe.com

mgyoe.com


tutional Democracy) သည် အခြေခံဥပဒေအရ ဆောင်ရွက်လိုက်နာသော ဒီမိုကရေစီအစိုးရဖြစ်ပြီး 'စံ' အဖြစ် သတ်မှတ်ထားသည်။ အုပ်စိုးသူတို့၏ အာဏာ၊ လုပ်ပိုင်ခွင့်တို့ကို ကန့်သတ်ထားသည်။ နိုင်ငံသားတို့သည် ခေါင်းဆောင်တို့ကို ရွေးချယ်ရာတွင် ညီမျှစွာ အခွင့်အရေးရှိပြီး ဥပဒေ၊ စည်းမျဉ်းတို့ကို ချမှတ်ရာတွင်လည်း နိုင်ငံသားတို့၏ဆန္ဒကို ပစ်ပယ်၍မရ၊ လူနည်းစုတို့၏အခွင့်အရေးကိုလည်းကောင်းစွာ အကာအကွယ်ပေးရသည်။ ဤပုံစံသည် စံနှုန်းမြင့် အကောင်းဆုံးပုံစံဖြစ်သော်လည်း ရှေးခေတ် တစ်ခါကသာ ကောင်းစွာ ကျင့်သုံးနိုင်ခဲ့ပြီး နှောင်းခေတ်တွင် လိုက်နာကျင့်သုံးခြင်း မပြုနိုင်ကြတော့ချေ။

အရစ္စတိုတယ်လ်၏ပုံစံတွင် Polity မှ ပျက်ယွင်းလာသောအခါ ဒီမိုကရေစီ အစိုးရပုံစံဟူသော ဆဋ္ဌမမြောက် အစိုးရ ဖြစ်လာသည်။ ဒီမိုကရေစီသည် (the rule of the many) ဖြစ်၏။ နောက်ပိုင်းတွင် (by the people) ဖြစ်လာသည်။ ဒီမိုကရေစီသည် စံနှုန်းအရ Polity လောက် မကောင်းသော်လည်း အခြားစနစ်များထက်စာလျှင် အပြစ်အနာအဆာ အနည်းဆုံးဖြစ်၏။ ပြည်သူ့ဆန္ဒအရ ရွေးချယ်သော ခေါင်းဆောင်တို့မှ ထွက်ပေါ်လာသော အစိုးရမျိုးဖြစ်၍ ပြန်လှန်ထိန်းညှိမှုတွင် တစ်စုံတစ်ရာ အင်အားကောင်းများဖြင့် ဖြစ်သည်။ လွတ်လပ်စွာဖော်ထုတ်နိုင်ခွင့်၊ ရွေးချယ်နိုင်ခွင့်၊ ဝေဖန်ထောက်ပြနိုင်ခွင့်တို့သည်ပင်လျှင် ကြီးစွာသော 'အာဏာဟန်ချက်ညှိအား' များဖြစ်သည်။

ခေတ်သစ်တွင် တစ်ဦးတည်း အုပ်စိုးမှု၊ လူတစ်စု၏ အုပ်စိုးမှု အစိုးရပုံစံများကို အများက လက်ခံနိုင်မှု အတော်ကျဆင်းသွားခဲ့ပြီ ဖြစ်၏။ ထို့ကြောင့် အများကို ကိုယ်စားပြုသည့် ဒီမိုကရေစီ အစိုးရပုံစံ အင်အားကောင်းစွာ ခေတ်စားလာခြင်း ဖြစ်သည်။ ခေတ်သစ်လူသားတို့၏ လောဘနှင့် အာဏာယစ်မူးမှုတို့အပေါ် ကောင်းစွာ မထွန်းလှန်နိုင်မှုကြောင့်၊ ကောင်းသော်လည်း 'Polity' ပုံစံအစိုးရမျိုးကို မကျင့်သုံးနိုင်ကြတော့။

## အခြားပုံစံအစိုးရ တချို့
### အော်တိုခရေစီ

အရစ္စတိုတယ်လ်၏ အစိုးရပုံစံ (၆) မျိုးကို ပညာရှင်များနှင့် လက်တွေ့တွင် နှစ်ပေါင်း (၂၅၀၀) ခန့်မျှ ကျင့်သုံးခဲ့ကြသည်။ သို့သော်လည်း ကောင်းစွာ ကျေနပ်မှု မရှိကြ။ မျက်မှောက်ခေတ် နိုင်ငံရေးသိပ္ပံပညာရှင်များက ပြောင်းလဲနေသော ကမ္ဘာကြီးနှင့်အတူ ပုံစံသစ်များကို ထုတ်ဖော်ခဲ့ကြသည်။ ထပ်ဆင့်စနစ်ခွဲ(Sub-system)

mgyoe.com

mgyoe.com


အဖြစ် အော်တိုနိုမီ (Autonomy) သို့မဟုတ် Pluralism က ထင်ရှားလာသည်။ ဗဟုဝါဒ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးပုံစံ ဖြစ်သည်။

ခေတ်သစ် လူမှုအဖွဲ့အစည်းတွင် အဖွဲ့အစည်းများနှင့် အင်စတီကျူးရှင်းများ– များစွာ ပါဝင်ပတ်သက်၏။ ဘာသာရေးဂိုဏ်းကွဲများ၊ အလုပ်သမားယူနီယံများ၊ စက်မှုကော်ပိုရေးရှင်းများ၊ မြို့ပြအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ စသဖြင့် များပြားစွာသော အဖွဲ့အစည်းများသည် အမေရိကန်နှင့် အင်္ဂလန်တို့တွင် အင်အားကောင်းစွာ ရှိနေကြပြီး ဖြစ်သည်။ အစိုးရများက ဤသို့သော အင်စတီကျူးရှင်းများကို မည်မျှလောက် လွတ်လပ်ခွင့်ပေး၍ မည်မျှအတိုင်းအထာအထိ ကိုယ်ပိုင်ရပ်တည်ခွင့်ပေးနိုင်မည်ဆိုသော အချက်ပေါ်မူတည်၍ Autocracy ပုံစံ ပေါ်ထွက်လာခဲ့သည်။ မိမိတို့ အဖွဲ့အစည်း၊ အင်စတီကျူးရှင်းများကို လွတ်လပ်မှု အားကောင်းစွာ လှုပ်ရှားရပ်တည်မှုပေးပြီး ထိုအဖွဲ့အစည်းများ၏ ဩဇာတချို့မှာ အစိုးရများအပေါ်တွင်ပင်လျှင် သက်ရောက်မှုတချို့ ရှိခဲ့ပါသည်။

**အာဏာရှင်စနစ်**

အာဏာရှင်အစိုးရကို Totalitarianism Government ဟုဆိုသည်။ တစ်ချိန်က ဂျာမနီ၏ နာဇီ (Nazi) နှင့် ဆိုဗီယက်ယူနီယံ (Soviet Union) တို့သည် ဤပုံစံအစိုးရများ ဖြစ်သည်။ ဤအစိုးရမျိုးတို့တွင် အတွေးအခေါ် အယူအဆများသည် တရားသေဝါဒဖြစ်ပြီး အခြား၏ အကြံဉာဏ်ဝေဖန်မှုမျိုးကို လုံးဝ လက်မခံချေ။ မောက်မာသော၊ သည်းခံစိတ်နည်းပါးသော၊ အာဏာကို အလွန်အကျွံအသုံးပြုသော လက္ခဏာများ ရှိသည်။ အများအတွက် ကိုယ်စားမပြု၊ တစ်ဦးတစ်ယောက်၊ လူနည်းစုအတွက်သာ ကိုယ်စားပြုသည်။ အရစ္စတိုတယ်လ်၏ Tyranny ပုံစံနှင့် ဆင်တူသည်။ (1930s) ကာလတစ်ဝိုက် ဂျာမနီရှိ ဘုရားကျောင်းများက ဤစနစ်ကို ကောင်းစွာ ရောင်ပြန်ဟပ်သည်။ နာဇီတို့၏ လူမျိုးဆိုင်ရာ အယူအဆအရ Jesus Christ ခရစ်တော်၏ဆံပင်သည် ရွှေရောင်ဖျော့နှင့် မျက်လုံးမှာ အပြာရောင်ရှိပြီး ဂျူးလူမျိုးများကဲ့သို့ ဆံပင်အနက်ရောင်၊ မျက်လုံးအနက်ရောင်မဟုတ်ဟူသော တရားသေဝါဒကြောင့် ထိုစဉ်က လူနည်းစုဖြစ်သော ဂျူးလူမျိုးများ ကောင်းစွာဖိနှိပ်မှုကို ခံခဲ့ကြရသည်။

**ဒီမိုကရက်တစ်**

အာဏာရှင်စနစ်နှင့် ဆန့်ကျင်သောအစိုးရသည် ဒီမိုကရက်တစ်အစိုးရ

mgyoe.com

ဖြစ်သည်။ (Democratic or consti-tutional govt.)၊ အမြင့်ဆုံးသော လွတ်လပ်မှုကိုပေးသည့် အစိုးရဖြစ်ပြီး ပြည်သူကို ကိုယ်စားပြုမှုပေါ် အခြေခံသည်။ လူမှုအဖွဲ့အစည်းများကို ကောင်းစွာအားပေးပြီး လူတစ်ဦးချင်းစီ၏ အခွင့်အရေးများနှင့် လူနည်းစုတို့၏ အခွင့်အရေးများကို အကာအကွယ်ပေးသည်။ ဤ ဒီမိုကရေစီ ကောင်းစွာ တိုးတက်ဖြစ်ထွန်းမှုရှိသော အမေရိကန်နိုင်ငံမျိုးတွင် အလုပ်သမားယူနီယံများသည် နိုင်ငံတော်လုံခြုံရေးကို ထိပါးနိုင်မည့် အခြေအနေမှတပါး အစိုးရကို ကြောက်ရွံ့မှုမရှိဘဲ လွတ်လပ်စွာ ဆန္ဒပြတောင်းဆိုင်နိုင်ခွင့် ရှိသည်။

မည်သည့်စနစ်တွင်မျှ ဥသသုံလွတ်လပ်ခွင့် မရှိသေးပါ။ သို့သော်လည်း ဒီမိုကရက်တစ်အစိုးရမျိုးရှိသော နိုင်ငံတို့တွင်မူ အများအကျိုးစီးပွား ထိခိုက်မှုမရှိလျှင် မိမိတို့၏ အရေးအရာကိစ္စများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြသည်။

**ဗဟိုဦးစီး**

စနစ်များစွာထဲမှ ထင်ရှားသောစနစ်တစ်ခုမှာ ဗဟိုဦးစီးစနစ်ဖြစ်သော Centralization of political power within the state ဖြစ်သည်။ နိုင်ငံရေးအာဏာကို နိုင်ငံတစ်ခုအတွင်း ဗဟိုဦးစီး ချုပ်ကိုင်ထားသောစနစ် ဖြစ်သည်။ အကယ်စင်စစ် ဗဟိုဦးစီးဆိုသော်လည်း ထိုသောဗဟိုတွင် အာဏာရှင်တစ်ဦးတည်းကသာ ချုပ်ကိုင်ထားလေ့ ရှိပါသည်။

ဗြိတိန်၊ ပြင်သစ်၊ အီတလီနှင့် အခြားသော ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း (၁၈၀) ခန့်တို့မှာ လူမျိုးစုများဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံများသာ ဖြစ်သည်။ လူမျိုးတစ်မျိုးတည်း သို့မဟုတ် ဗဟိုအစိုးရက အမြင့်ဆုံးနိုင်ငံ၏အာဏာကို ချုပ်ကိုင်ထားသောစနစ် ဖြစ်သည်။ (အာဖရိကနိုင်ငံတချို့တွင် လူမျိုးတစ်စုကသာ ချုပ်ကိုင်ထားသည်) ဒေသအစိုးရ၊ ပြည်နယ်အစိုးရများ၏ ဆုံးဖြတ်ချက်များကို ဗဟိုအစိုးရက ကျော်လွှားပယ်ဖျက်နိုင်ခွင့် ရှိသည်။

အချို့သော ပြည်နယ်များစွာပါဝင်သည့် အစိုးရတို့တွင် ဗဟိုအစိုးရတချို့က ပြည်နယ်အစိုးရများကို ကောင်းစွာ ထိန်းချုပ်ထားကြသည်။ လန်ဒန်နှင့် ပါရီရှိ ဝန်ကြီးဌာနများက သူတို့၏ အခြားသောပြည်နယ်အစိုးရများ၏ဥပဒေကို သတ်မှတ်နိုင်၏။ အမေရိကန်၊ ဂျာမနီ၊ ဩစတြေးလျ၊ ကနေဒါနိုင်ငံတို့တွင်ကား နိုင်ငံ၏အာဏာကို ဗဟိုအစိုးရနှင့် ပြည်နယ် အစိုးရတို့က မျှတစွာ ခွဲဝေရယူကျင့်သုံးနိုင်ကြသည်။ ဗဟိုအစိုးရသည် နိုင်ငံခြားရေးရာ၊ ကာကွယ်ရေး၊ ငွေကြေးဆိုင်ရာတို့ကို အဓိက တာဝန်ယူပြီး ဒေသ၊ ပြည်နယ်ဆိုင်ရာ အစိုးရတို့က ဒေသဆိုင်ရာ

mgyoe.com

mgyoe.com


မူဝါဒ၊ ပညာရေး၊ လူမှုရေးစသည်တို့ကို ကိုယ့်ဒေသနှင့်ကိုယ် ဆီလျော်စွာ ဆောင်ရွက်နိုင်ရန်လည်း လုပ်ပိုင်ခွင့်တို့ ရှိကြ၏။

**မူဝါဒချမှတ်ခြင်း**

အစိုးရတို့သည် အများဆိုင်ရာမူဝါဒ (Public Policy) ကို ချမှတ်ရသည်။ အမျိုးသားရေးနှင့်ဆိုင်သော ဥပဒေပြုမှု၊ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများ အဓိက ပါဝင်သည်။ လက်တွေ့ အကောင်အထည်ဖော်၊ လိုက်နာကျင့်သုံးနိုင်သော မူဝါဒများ ဖြစ်ရမည်။ ကျယ်ပြန့်သော ရည်မှန်းချက် ရှိရသည်။ သဘာဝအရင်းအမြစ်များသည် အကန့်အသတ်ရှိနေသဖြင့် အစိုးရတစ်ရပ်၏ မူဝါဒသည် ထို သဘာဝအရင်းအမြစ်တို့နှင့် စပ်လျဉ်းလာလျှင် အကျိုးအရှိဆုံး အသုံးချခြင်းဆိုင်ရာသာ ဖြစ်သင့်သည်။

အမျိုးသားရေးအဆင့် ဦးစားပေးမှုတို့ကို ဆုံးဖြတ်ရာတွင် နက်နဲသိမ်မွေ့သဖြင့် အလေးအနက်ထား စဉ်းစားသင့်သည်။ မူဝါဒတိုင်းသည် လူများစု၊ လူနည်းစုတို့နှင့်ပတ်သက်၍ မျှတသောသဘော ရှိရမည်ဖြစ်ပြီး အမျိုးသားအကျိုးစီးပွားသဘော သက်ရောက်ရမည် ဖြစ်သည်။ မျိုးဆက်သစ်တို့အတွက် အလေးအနက် စဉ်းစားရမည်ဖြစ်သလို နိုင်ငံကို အလုပ်အကျွေးပြုခဲ့သော မျိုးဆက်ဟောင်းတို့၏ သာရေး၊ နာရေးကို မျက်ကွယ်ပြု၍လည်း မရချေ။ အနာဂတ်မျိုးဆက်နှင့် အနာဂတ်နိုင်ငံတော်အတွက် ပညာရေး၊ ကျန်းမာရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်ဆိုင်သော သန့်စွမ်းသည့် မူဝါဒကောင်းများ ရှိရမည်။ အစိုးရဟူသည်ပင် နိုင်ငံတစ်နိုင်ငံရှိ ပြည်သူများ၏ကိုယ်စား နိုင်ငံရေးဆောင်ရွက်ရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သဖြင့် ထိုနိုင်ငံနှင့် ထိုနိုင်ငံရှိ ပြည်သူများ၏အကျိုးကိုသာ ဦးစားပေးရသည်။

အရစ္စတိုတယ်လ်ချပြခဲ့သော အစိုးရ (၆) မျိုးတွင် Monarchy ဟူသော သက်ဦးဆံပိုင်စနစ်တွင် ဦးဆောင်သူတို့ ထက်မြက်၊ အမြော်အမြင်ရှိပါက တိုင်းပြည်တိုးတက်သည်မှန်သော်လည်း ထက်မြက်သော မင်းအရေအတွက်တို့ အလွန်တရာနည်းပါးပါသည်။ အာဏာသည် ယစ်မူးလွယ်သောအရာဖြစ်သဖြင့် Monarchy မှ ပျက်ယွင်းကာ Tyranny အဆင့် မင်းဆိုး၊ မင်းညစ်ပုံစံ ရောက်သွားရသည်ကများသည်။

အများကို ကိုယ်စားပြုသော အစိုးရပုံစံတွင် Polity သည် အရစ္စတိုတယ်လ်၏ အယူအဆအရ 'စံ' ဖြစ်သော်လည်း မျက်မှောက်တွင် လက်တွေ့

mgyoe.com

mgyoe.com


ဆောင်ရွက်နိုင်ရန် တစ်စုံတစ်ရာ ဖြစ်နိုင်ခြေနည်းပါးလျက် ရှိသည်။ အလုံးစုံကောင်းသည်မဟုတ်သော်လည်း ခေတ်သစ်တွင် အကောင်းဆုံး ဆောင်ရွက်နိုင်သည့် ဒီမိုကရေစီသည် 'မှတပါးအခြားမရှိ'သောအရာဖြစ်လာပြီး အနာဂတ် မြန်မာနိုင်ငံရေးတွင် အငွေ့အသက်များစွာ၊ အနှစ်သာရရှိရှိ အသုံးပြုနိုင်ရန်သာ ဖြစ်သည်။

၀

( Source; Types of Government )

mgyoe.com

mgyoe.com

# ဒီမိုကရေစီ၊ တစ်ပိုင်းဒီမိုကရေစီနှင့် အာဏာရှင်နိုင်ငံရေးစနစ်

20th November 2009

**ဒီမိုကရေစီ**

အများကို ကိုယ်စားပြုသော၊ အများအကျိုးရှေးရှုသော နိုင်ငံရေးစနစ် ဖြစ်သည်။ (by the people, of the people, for the people) ဟု အတိုရှင်းဆုံး အဓိပ္ပာယ်ဖွင့်ကြသည်။ တစ်ဦးချင်းစီ၏ အခြေခံအခွင့်အရေးများကို လေးစား၍ အကာအကွယ်ပေးသည်။ အများဆန္ဒဖြင့် မဆန့်ကျင်၊ လွတ်လပ်စွာ ပြောဆို၊ ရေးသား၊ ထုတ်ဖော်၊ ဝေဖန်ခွင့်ရှိခြင်းသည် ဒီမိုကရေစီ၏အနှစ်သာရများ ဖြစ်သည်။ လူနည်းစုတို့၏အကျိုးကိုလည်း ကာကွယ်ထိန်းသိမ်းပေး၏။ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးတို့ သီးခြားတည်ရှိ လွတ်လပ်ကြသည်။ အများကိုလည်း ကိုယ်စားပြုသည်။

**တစ်ပိုင်းဒီမိုကရေစီ**

Semi-democracy ဖြစ်သည်။ ဒီမိုကရေစီကို အပြည့်အဝ မသုံးနိုင်ကြသေးသော နိုင်ငံများတွင် ကျင့်သုံး၏။ ဒီမိုကရေစီ၏ အနှစ်သာရများ တစ်စိတ်တစ်ပိုင်းသာ ပေးအပ်နိုင်သည်ဖြစ်၍ ဤစနစ်တွင် ဝိဝါဒ ကြီးကျယ်စွာ ကွဲပြားသည်။ မည်မျှအတိုင်းအတာအထိ ဒီမိုကရေစီအခွင့်အရေးတို့ ရရှိပါသနည်းဟူ

mgyoe.com

သောအမေးကို အစိုးရတို့ ကောင်းစွာ မဖြေနိုင်ကြ၊ များသောအားဖြင့် ဗဟိုချုပ်ကိုင်မှု စနစ်နှင့် တစ်ပိုင်းဒီမိုကရေစီကို ရောပြွမ်း၍ ဆောင်ရွက်ကြလေ့ရှိသည်။

ဒီမိုကရေစီ အပြည့်အဝကျင့်သုံးနိုင်သော နိုင်ငံဟူ၍ မျက်မှောက်ခေတ်တွင် မရှိသေးသော်လည်း အမေရိကန်လို နိုင်ငံမျိုးသည် ဒီမိုကရေစီအနှစ်သာရများကို (၉၀%) ကျော်မျှ ကျင့်သုံးနိုင်ပြီး စင်ကာပူလိုနိုင်ငံမျိုးသည် အတော်နည်းပါးစွာသာ ကျင့်သုံးနိုင်သေးသည်။ အနှစ်သာရ၏ တစ်ဝက်ကျော်ခန့် ကျင့်သုံးနိုင်လျှင်ပင် ဒီမိုကရေစီယဉ်ကျေးမှုအင်အား တစ်စုံတစ်ရာ ကောင်းစွာထွန်းကားသည်ဟု ဆိုနိုင်သည်။

## အာဏာရှင်

အာဏာရှင်နိုင်ငံများတွင် နာဇီလက်ထက်၌ ဟစ်တလာက တစ်ဦးတစ်ယောက်တည်း ထင်ရှားသိသာစွာ အလုံးစုံ အာဏာကို ချုပ်ကိုင်ထားသော်လည်း နိုင်ငံတော်တော်များများ၌ အမြင်ကောင်းရန် ဗဟိုဦးစီးစနစ်ဖြင့် အကာအကွယ်ယူလေ့ရှိကြသည်။ ထို ဗဟိုဆိုသောအဖွဲ့၌ပင် အကယ်စင်စစ် တစ်ဦးတည်းကသာ အာဏာကို ချုပ်ကိုင်ထားလေ့ရှိသည်။

အများအတွက် ကိုယ်စားမပြု၊ အုပ်စိုးသူ၏မိသားစု၊ ရင်းနှီးသူများအတွက် အဓိက အကာအကွယ်ယူသည်။ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးတို့ ရောပြွမ်းပြီး အာဏာရှင်၏ဩဇာက ဥပဒေနှင့် တရားစီရင်ရေးကို ကောင်းစွာ သက်ရောက်သည်။ အာဏာရှင်၏ ဆုံးဖြတ်ချက်ကသာ နောက်ဆုံးအတည်ဖြစ်၍ တရားစီရင်ရေးဆုံးဖြတ်ချက်ကို ပယ်ဖျက်၊ ကျော်လွှားနိုင်သည်။ မျှတသော၊ အားလုံးပါဝင်သော ရွေးကောက်ပွဲ မရှိတတ်၊ အုပ်စိုးသူတို့၏ သက်တမ်းကိုလည်း ကန့်သတ်မထား၊ အစိုးရအဖွဲ့ဝင်တို့ကို ပြည်သူ့ဆန္ဒနှင့်အညီ ဖွဲ့စည်းမှုမပြု၊ အာဏာရှင်၏ စိတ်ဆန္ဒအရသာ ခန့်အပ်သည်၊ ထုတ်ပယ်သည်။ မျှတသော တရားစီရင်ရေး မရှိ၊ ဥပဒေ၊ တရားစီရင်ရေးအကျိုးကို ပြည်သူများ ခံစားခွင့်မရှိ။

နိုင်ငံ၏ဓနကို စီမံခန့်ခွဲရာတွင်လည်း ကျွမ်းကျင်သူများ၏ အစီအမံအရ လိုက်နာဆောင်ရွက်ခြင်းမရှိတတ်၊ အာဏာရှင်၏ စိတ်အလိုကျဖြင့်သာ ဆောင်ရွက်သည်။ နိုင်ငံစီးပွားရေး ဆောင်ရွက်ရာတွင်လည်း မျှတသော ယှဉ်ပြိုင်ခွင့်၊ ပါဝင်ခွင့် မပေး။ ရင်းနှီးသူများအတွက်သာ 'အခွင့်အလမ်းအခြေခံ' စီးပွားရေး ပုံသဏ္ဍာန်ဖြစ်သည်။

mgyoe.com

mgyoe.com

## Types of Political System

Democratic Vs Semi-democratic Vs Authoritarian

ပုံ (၁)

Consolidated Vs Transitional States

ပုံ (၂)

Developed Vs Developing States

ပုံ (၃)

ပုံ (၁) သည် တစ်ဖက်စွန်း၌ ဒီမိုကရေစီစနစ်နှင့် အခြားတစ်ဖက်စွန်း၌ အာဏာရှင်စနစ်တို့ ဖြစ်သည်။ အလယ်တွင် တစ်ပိုင်းဒီမိုကရေစီနိုင်ငံများ ရှိသည်။ တစ်ပိုင်းဒီမိုကရေစီနိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ကူးပြောင်းသွားနိုင်သလို အာဏာရှင်စနစ်သို့လည်း ပြန်လည် ကူးပြောင်းသွားနိုင်သည်။ တစ်ပိုင်း ဒီမိုကရေစီ နိုင်ငံတို့တွင် ဒီမိုကရေစီ ယဉ်ကျေးမှု တစ်စုံတစ်ရာ အားကောင်းနေရန် လိုသည်။ ဒီမိုကရေစီအခွင့်အရေးနည်းပါးပြီး နှစ်ရှည်ကြာသည်အထိ ဒီမိုကရေစီယဉ်ကျေးမှု မတိုးတက်သေးလျှင်၊ အာဏာရှင်စနစ်သို့ အချိန်မရွေး ပြန်လည်ရောက်ရှိသွားနိုင်သည်။

ပုံ (၂) သည် တစ်ဖက်တွင် Consolidated ဟူသော စနစ်တစ်ခုကို ကောင်းစွာကျင့်သုံးနိုင်သော နိုင်ငံများနှင့် အခြားတစ်ဖက်တွင် စနစ်တစ်ခုကို အသွင်ကူးပြောင်းစ နိုင်ငံများ ဖြစ်သည်။ စနစ်တစ်ခုကို သင့်လျော်သော အချိန်တစ်ခုအတွင်း ရင့်ကျက်မှု မှန်မှန်မရရှိနိုင်ဘဲ ရှည်ကြာနေလျှင် ထိုနိုင်ငံသည် ရည်မှန်းထားသောစနစ်သို့ ချောမွေ့စွာ မရရှိနိုင်။ အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီ စသော နိုင်ငံများသည် မျှော်မှန်းထားသော နိုင်ငံရေးစနစ်ကို ကောင်းစွာ ကူးပြောင်းနိုင်ခဲ့ပြီး ရင့်ကျက်မှုလည်း ရရှိပြီဖြစ်၍ Consolidated States ဖြစ်သည်။ ရုရှားနှင့် အာဖရိကနိုင်ငံတချို့တွင် ဤအသွင်ကူးပြောင်းရေးကာလသည် ဖြစ်သင့်သော

mgyoe.com

mgyoe.com


အချိန်ထက် များစွာ ပိုမိုကြာညောင်းခဲ့သည့်တိုင် တိုးတက်မှု ကောင်းစွာ မရရှိနိုင်ကြသေး။

ပုံ (၃) သည် တစ်ဖက်စွန်း၌ တိုးတက်ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် တိုးတက်ဆဲ (အကယ်စင်စစ်မှာ တိုးတက်မှုမရသေး) နိုင်ငံတို့၏အခြေအနေ ဖြစ်သည်။ စီးပွားရေးစနစ်ကောင်းတစ်ခုကို ကောင်းစွာ အသုံးပြုနိုင်၍ တိုးတက်သောနိုင်ငံများ ရှိသကဲ့သို့ ဗဟိုဦးစီးစနစ်၊ အာဏာရှင်စနစ်များကြောင့် စီးပွားရေးစနစ်ကို ကောင်းစွာ မဆုပ်ကိုင်မိသေးသော နိုင်ငံများ၏ အခြေအနေဖြစ်သည်။ လီမွာပါးနပ်သော နိုင်ငံတချို့မှာ နိုင်ငံရေးနှင့် စီးပွားရေးကို ကောင်းစွာ ခွဲခြားမြင်နိုင်၊ ဆောင်ရွက်နိုင်ကြသဖြင့် တစ်ဝက်ဒီမိုကရေစီကျင့်သုံးသော နိုင်ငံတချို့မှာ Developed States ထဲတွင် ပါဝင်နိုင်ကြသည်ကို တွေ့နိုင်သည်။ (ဥပမာ – တရုတ်၊ စင်ကာပူ)

**အကွဲအပြား**

Democracy

Rule of the many, popular control, participation.

အများဆိုင်ရာဖြင့် စီမံအုပ်ချုပ်သည်၊ အများအကြိုက် ဆောင်ရွက်သည်၊ အားလုံးပါဝင်နိုင်သည်။

Representative democracy

A variant of democracy in which popular control is exercised through elected representatives.

လူကြိုက်များရာကို ဆောင်ရွက်ရာ၌ အရွေးချယ်ခံ ကိုယ်စားလှယ်တို့ဖြင့် ဆောင်ရွက်သည်။

Liberal democracy

A form of representative democracy involving major rule, respect for minority rights and the rule of law.

ရွေးချယ်ခံအများစုမှ အုပ်ချုပ်ပြီး လူနည်းစုတို့၏အခွင့်အရေးကို အလေးထားသည်။ ဥပဒေကို လေးစားလိုက်နာသည်။

အခြားဒီမိုကရေစီမျိုးကွဲ ဒါဇင်ပေါင်းများစွာ ရှိသေးသည်။ ဆန့်ကျင်ဘက်စနစ်နှစ်ခုကို ပူးတွဲကျင့်သုံးသော Authoritarian Democracy ဟူ၍ပင်ရှိ၏။ ဒီမိုကရေစီအနှစ်သာရ ကောင်းစွာပါသောစနစ်တွင် ...

mgyoe.com

mgyoe.com


- နိုင်ငံသားများ ပိုမိုကျယ်ပြန့်စွာ ပါဝင်နိုင်ရေး
  (Right to participate to all citizens)
- နိုင်ငံရေးယှဉ်ပြိုင်နိုင်မှု
  (Political competition)
- လွတ်လပ်စွာဖော်ထုတ်နိုင်မှု
  (Freedom of Expression)

တို့ကို ပိုမိုအင်အားကောင်းစွာ ပါဝင်နိုင်ရန် ဖြစ်သည်။

## Types of Liberal Democracy

<table>
<tr><td colspan="3">Monarchy</td><td colspan="3">Republic</td></tr>
<tr><td colspan="2">Presidential</td><td colspan="2">Semi-Presidential</td><td colspan="2">Parliamentary</td></tr>
<tr><td colspan="3">Unitary</td><td colspan="3">Federal</td></tr>
</table>

အရစ္စတိုတယ်လ် (Aristotle) ၏ အယူအဆအရ မိုနာခီ (Monarchy) ဟူသော သက်ဦးဆံပိုင်၊ ဘုရင်စနစ်သည် လစ်ဘရယ်ဒီမိုကရေစီထဲတွင် ပါဝင်သည်။ Legitimate form ဟူသော ဥပဒေနှင့် အများလက်ခံနိုင်မှုရှိပြီး မူလက (Rule in the interest of all) ဟူသော အများ၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်သောပုံစံ ဖြစ်သောကြောင့် ဖြစ်၏။ Republic သည် သမ္မတ၊ ဝန်ကြီးချုပ်နှင့် အရွေးချယ်ခံတို့ အုပ်စိုးမှုစနစ် ဖြစ်သည်။

ဒုတိယအတန်းတွင် တစ်ဖက်၌ သမ္မတစနစ်၊ အခြားတစ်ဖက်တွင် ပါလီမန်စနစ်တို့ ရှိသည်။ အလယ်တွင် တစ်ပိုင်းသမ္မတစနစ် ရှိသည်။ အမေရိကန်သည် သမ္မတစနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံဖြစ်ပြီး အင်္ဂလန်သည် ပါလီမန်စနစ်၊ ဝန်ကြီးချုပ်ဖြင့် စီမံခန့်ခွဲသောစနစ် ဖြစ်သည်။ တရုတ်နိုင်ငံသည် Semi-presidential စနစ်ဖြစ်၍ တရုတ်တွင် သမ္မတရော၊ ဝန်ကြီးချုပ်ပါ ပါဝင်နေ၏။

နိုင်ငံများစွာတို့သည် ပြည်နယ်များ၊ တိုင်းများ၊ နိုင်ငံငယ်များဖြင့် စုစည်း

mgyoe.com

mgyoe.com


ထားကြ၏။ Unitary မှာ အားလုံး စုစည်းပြီး ဗဟိုအစိုးရမှ စီမံခန့်ခွဲသော စနစ်ဖြစ်ပြီး Federal မှာ အချို့ အဓိကကျသော (နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ငွေကြေးဆိုင်ရာ) ကိစ္စများကို ဗဟိုမှထိန်းချုပ်ကာ ကျန်ပြည်နယ်ဒေသများ၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသောစနစ် ဖြစ်သည်။

**အာဏာရှင်မျိုးကွဲစနစ်တချို့**

အာဏာရှင်စနစ်များစွာထဲမှ ထင်ရှားသောစနစ်တချို့မှာ ...

❖ Authoritarian System

- လက္ခဏာအားဖြင့် ဒီမိုကရေစီနှင့် ဆန့်ကျင်သည်။
- နိုင်ငံရေးပါဝါကို တစ်ဦး/တစ်အုပ်စုမှ ထိန်းချုပ်သည်။ ရွေးကောက်ပွဲ၊ လူကြိုက်များမှုကို လျစ်လျူရှုသည်။
- သက်တမ်းကန့်သတ်ချက်မရှိ။
- အုပ်ချုပ်မှုအာဏာက တရားစီရင်ရေး၊ ဥပဒေပြုရေးကို လွှမ်းမိုးသည်။
- Authoritarian စနစ်အောက်တွင် Tyranny ဟူသော မင်းဆိုးမင်းညစ်၊ Fascism ဟူသော ဖက်ဆစ်စနစ်၊ Communism ဟူသော ကွန်မြူနစ်စနစ်တို့ ရှိကြသေးသည်။

❖ Totalitarianism

အာဏာရှင်အမျိုးအစားကွဲတစ်ခု ဖြစ်သည်။ နိုင်ငံတော်၏ အာဏာအလုံးစုံကို ရယူထားသည်။

- လက္ခဏာအားဖြင့် အာဏာကို တင်းကျပ်စွာ ချုပ်ကိုင်ထားပြီး နိုင်ငံသားတို့ကို ဖိနှိပ်သည်။
- ဒီမိုကရေစီနှင့် လုံးဝ ဆန့်ကျင်သည်။
- အကြမ်းဖက်မှုမျိုးအထိ အားပေးသည်။
- ပုဂ္ဂလိကအခန်းကဏ္ဍကို လုံးဝဖယ်ရှား၊ လျစ်လျူရှုသည်။
- သက်တမ်းအကန့်အသတ်မရှိ၊ အစိုးရအဖွဲ့ဝင်များသည် အာဏာရှင်၏ စိတ်ကြိုက်သာ ဖြစ်သည်။ တစ်ချိန်က နာဇီ (Nazi)၊

mgyoe.com

mgyoe.com


စတာလင်ခေတ် (ဆိုဗီယက်ယူနီယံ)၊ မော်စီတုံးခေတ်(တရုတ်)၊ မြောက်ကိုရီးယား၊ ကျူးဘားတို့သည် ဤစနစ်ကို ကျင့်သုံးသော နိုင်ငံများ ဖြစ်၏။

❖ Communism

ကွန်မြူနစ်စနစ် ဖြစ်သည်။ အာဏာရှင်ပုံစံတွဲထဲမှ တစ်မျိုးဖြစ်၏။

- လက္ခဏာအားဖြင့် ဒီမိုကရေစီနှင့် ဆန့်ကျင်သည်။
- တိုင်းပြည်ကောင်းစားရေးထက် ကွန်မြူနစ်စနစ် အင်အားတောင့်တင်း၊ ခိုင်မာရေးကို ဦးစားပေးသည်။
- ကွန်မြူနစ်ပါတီတွင်း အာဏာရှင်၏ သြဇာထက်မြက်ရေးကို ဆောင်ရွက်သည်။
- နိုင်ငံ၏ သယံဇာတ၊ ဓနကို အကန့်အသတ်မဲ့ အာဏာရှင်က အသုံးပြုသည်။
- လူမှုအဖွဲ့အစည်းအားလုံးသည် ပါတီက ချမှတ်ထားသော စည်းကမ်းများအတိုင်းသာ လိုက်နာရသည်။
- သက်တမ်း အကန့်အသတ်မရှိ။
- ဆွေမျိုးကောင်းစားရေး၊ ရင်းနှီးသူများကောင်းစားရေးသာ ဆောင်ရွက်သည်။

အာဏာရှင်စနစ်တို့တွင် အချို့နိုင်ငံများသည် ရွေးကောက်ပွဲများ ပြုလုပ်ပေးသော်လည်း အာဏာရှင်မှ တင်သွင်းသူများသာ ရွေးကောက်ပွဲ ဝင်နိုင်သည်။ ပြည်သူများအားလုံး ပါဝင်နိုင်ခြင်းမရှိ၊ အဖြစ်သဘော ရွေးကောက်ပွဲမျှသာ ဖြစ်သည်။ ဥပဒေ၊ တရားရုံးတို့သည် ပြည်သူအား ကိုယ်စားမပြု၊ အာဏာရှင်၏ နောက်ဆုံး အဆုံးအဖြတ်သည်သာ အတည်ဖြစ်၏။

❖ Illiberal Democracy

လစ်ဘရယ်သမားများကဲ့သို့ သဘောထားပျော့ပြောင်းမှုမရှိသော ဒီမိုကရေစီတစ်မျိုး ဖြစ်သည်။ ဒီမိုကရေစီ အဆင့်နိမ့်တစ်မျိုးဟု သတ်မှတ်နိုင်သည်။ Liberal Democracy နှင့် Authoritarianism ကြားတွင်ရှိသော စနစ်တစ်ခုဟု

mgyoe.com

mgyoe.com


ယေဘုယျ နားလည်နိုင်သည်။

ဒီမိုကရေစီကို လက္ခဏာပြည့်ဝစွာဖြင့် ကျင့်သုံးနိုင်သောနိုင်ငံ နည်းပါးပါသေးသည်။ နောက်တိုးနိုင်ငံများတွင် Semi-democracy စနစ် ကျင့်သုံးကြသည်က များသည်။ မည်သို့ဆိုစေ အာဏာရှင်၊ တစ်ပါတီစနစ်ထက် ဒီမိုကရေစီအငွေ့အသက် ပါဝင်မှုရှိလာလျှင် ပို၍ ကောင်းမွန်သည်ဟု ဆိုနိုင်၏။ အနာဂတ် မြန်မာနိုင်ငံ၏ အသစ်ပုံလောင်းတော့မည့် နိုင်ငံရေးစနစ်တွင် ဒီမိုကရေစီ အငွေ့အသက်များစွာ၊ လက္ခဏာထင်ရှားစွာ ပါဝင်နိုင်လျှင် နိုင်ငံ၏အနာဂတ်အတွက် ပို၍ ကောင်းမွန်မည် ဖြစ်ပါသည်။

၀

( Source ; Democracy – Semi democracy )

mgyoe.com

mgyoe.com

# မရေရာတာတွေပဲ သေချာတယ်

24th November 2009

လောကကြီးဟာ ထူးဆန်းတယ်။ ဖြစ်ချင်သလိုမဖြစ်ဘဲ၊ ဖြစ်ချင်တာတွေ ဖြစ်တတ်တာက များနေတယ်။ ဒါကြောင့်လည်း တချို့ဘာသာတွေက ပြောကြတာ... 'ဘုရားသခင်အလိုတော်ကျ' တဲ့။ ဘမောင်တို့ ဗုဒ္ဓကတော့ ဖြတ်သန်းခဲ့ပြီးတဲ့ ဘဝများစွာကပြုခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်တွေကို ပြန်ခံစားရတာတဲ့။ ခပ်ငယ်ငယ်တုန်းက သဘောမပေါက်ခဲ့ဘူး၊ ယုံလည်း မယုံကြည်ခဲ့မိဘူး။ ဘမောင်ယုံကြည်တာက 'ကိုယ်လုပ်ရင် ကိုယ်ရမယ်' 'ကိုယ်ကြိုးစားရင် ကိုယ်ဖြစ်မယ်'။

ယုံကြည်ချက်တို့၊ အယူအဆတို့၊ ဒဿနတို့ဆိုတာ အသက်အရွယ်နဲ့လည်း ဆိုင်တယ်၊ အတွေ့အကြုံနဲ့လည်း ဆိုင်တယ်။ ပတ်ဝန်းကျင်၊ အလုပ်တွေနဲ့လည်း ဆိုင်တယ်။ အချိန်အခါအလိုက် ပြောင်းလဲတတ်တာတော့ အမှန်ပဲ။ ဘာမှမသိခင်တုန်းကတော့ 'မျက်ကန်းယုံကြည်မှုပေါ့'။ နည်းနည်းသိလာတော့ ... ငါတော်တော်သိနေတာပဲလို့ ထင်မိတတ်ကြရော၊ ယုံကြည်မှုတွေ၊ ခံယူချက်တွေအပေါ် ပြန်ပြီး ခံစားတတ်လာတယ်၊ သုံးသပ်တတ်လာတယ်၊ အချင့်အချိန်တွေ လုပ်တတ်လာတယ်။ သည့်ထက် ပိုသိလာတော့ ... 'ငါဘာမှမသိသေးပါလား'၊ 'သိစရာတွေအများကြီး ကျန်နေသေးပါလား' လို့ မချင့်မရဲ ဖြစ်လာပြန်တယ်။ အထူးသဖြင့်သုတအခြေခံတဲ့ ပညာခေတ် (Knowledge Age) မှာ ပိုဆိုးတယ်။ သတင်းအစီးအဆင်းကလည်း မြန်သလားမပြောနဲ့။ တစ်နေ့တစ်နေ့ ဖတ်စရာ၊ သိစရာတွေချည်းပဲ။ များများမကြည့်နဲ့၊ အပတ်စဉ်ထွက်နေတဲ့ ပြည်တွင်းစာစောင်နဲ့ လစဉ်မဂ္ဂဇင်းလောက်ကိုတောင် ကုန်အောင် မဖတ်နိုင်တော့ဘူး၊ အင်တာနက်ထဲမှာဆို ... ကမ္ဘာ့အရေးအရာအကြောင်း ရေးသားထားကြတာ ... သန်းပေါင်းများစွာရှိနေတယ်။

mgyoe.com

mgyee.com


အစွယ်တစ်ခုရဲ့ အချိန်တစ်ချိန်ကို ဖြတ်၊ သုတလေးလည်း ဟိုမရောက် သည်မရောက်ဖြစ်၊ ပညာလေးလည်း ဟိုမရောက် သည်မရောက် တတ်လာ၊ လုပ်ငန်း အတွေ့အကြုံလေးလည်း ဟိုမရောက်၊ သည်မရောက် ရလာတဲ့အခါကျတော့ သည်နေ့ ဘမောင်ရဲ့အတွေးထဲမှာ ...

"ငါ ... ဘာမှ မသိသေးပါလား" ဆိုပြီး ခံစားနေရပြီ။

* * *

ငယ်ငယ်တုန်းက ဘမောင် ဖြစ်ချင်တာက ... ကျောင်းဆရာ။ အနန္တော၊ အနန္တဂိုဏ်းဝင်၊ သိက္ခာ အင်မတန်ရှိတဲ့ အလုပ်၊ အင်မတန် သန့်ရှင်းမွန်မြတ်တဲ့ အလုပ်လို့ မြင်တာကိုး။ ဘမောင် လေးတန်းကျောင်းသားဘဝမှာ မိဘတွေရဲ့ စီးပွားရေးက အချိုးအကွေ့တစ်ခု ဖြစ်လာတယ်။ ကောင်းတဲ့ဘက်တော့ မဟုတ်ဘူး။ စီးတဲ့ကား ပျောက်သွားတယ်၊ ထမင်းစားပွဲပေါ်မှာ ဟင်းပွဲလေး–ငါးပွဲကနေ တစ်ပွဲလောက်ပဲ တွေ့ရတော့တယ်။

အဲဒီ ကလေးဘဝက ခံစားချက်ကို တစ်စုံတစ်ရာ အမည်သညာ မတပ်ခဲ့တတ်ပေမဲ့ ကြီးလာရင် စီးပွားရေးလုပ်တာ ကောင်းမလားဆိုတဲ့အတွေး ဖြစ်လာတယ်။ အတွေ့အကြုံလေးတစ်ခုပေါ်မှာ ခံစားပြီး ဖြစ်လာတဲ့ ဖြစ်ချင်မှုတစ်ခု၊ သည့်ထက်ပိုပြီး ဘာမှ မစဉ်းစားသေးတဲ့အရွယ်။

ဆယ်တန်းအောင်တော့ အမှတ်ကောင်းကောင်းလေး ရခဲ့တယ်။ ဟိုစာဖတ်၊ သည်စာဖတ်နဲ့ သိသလို မရှိတာရှိ၊ အတွေးနယ် ခပ်ချဲ့ချဲ့အရွယ်ပေါ့။ ဟိုအကြောင်း၊ သည်အကြောင်းလေ့လာရင်းနဲ့ ပြည်ပအကြောင်းလေးတွေ ပါးပါးလေး သိလာတယ်။ တိုးတက်တဲ့နိုင်ငံတွေမှာ ဗိသုကာတို့၊ အင်ဂျင်နီယာတို့က ထိပ်က၊ ဆရာဝန်က နောက်က၊ မြန်မာပြည်မှာကတော့ ဆရာဝန်က ထိပ်က၊ 'ငါတို့နိုင်ငံ တိုးတက်တဲ့အခါကျရင်လေ' ဆိုတဲ့အတွေးနဲ့ RIT ဆိုတဲ့ စက်မှုတက္ကသိုလ်ကို ရွေးဖြစ်လိုက်တယ်။ စက်မှု တက္ကသိုလ်မှာ (၆) နှစ်သာ ကုန်သွားရော၊ ပတ်ဝန်းကျင်ကြီးက ဘာမှ မပြောင်းလဲသေးဘူး၊ ဆရာဝန်တွေ ထိပ်က ရှိနေတုန်းပဲ။ ဆိုရှယ်လစ်ခေတ်ဆိုတော့ သိတယ်မို့လား၊ စီးပွားရေးလည်း ဘာမှ မည်မည်ရရ လုပ်လို့ရတဲ့အချိန် မဟုတ်ဘူး ...။

အဲဒီခေတ်တုန်းက အစိုးရဝန်ထမ်း လုပ်မလား၊ တပ်ထဲဝင်မလား၊ ရွေးချယ်စရာဆိုလို့ ဘာမှ ထပ်မရှိတော့ဘူး။ ရွေးချယ်စရာဆိုလို့ ပြောရဦးမယ်။ ပညာရှင်တွေက ပြောကြတယ်၊ လူ့ဘဝတစ်ခုမှာ ရွေးချယ်နိုင်ခွင့် (Choice) မရှိရင် ... ဘဝဟာ

mgyee.com

ရှင်သန်နေတဲ့ဘဝ မဟုတ်ဘူးတဲ့။ "Choice is Power"၊ ရွေးချယ်နိုင်ခြင်းဟာ ပါဝါတစ်ခုပဲတဲ့။ နောက်မှ သိတာပါ။ အရင်ကသိတာ မဟုတ်ဘူး။ ဘမောင်တို့ မျိုးဆက်တွေ ဘယ်လောက် အဖြစ်ဆိုးခဲ့သလဲ။ ထားပါတော့၊ ဒါနဲ့ပဲ တပ်ထဲ အမှုထမ်းဖြစ်ခဲ့တယ်။

အင်ဂျင်နီယာတပ်ရဲ့သဘောမှာ အရာရှိပေါက်စအချိန်မှာ စစ်မြေပြင်ဆင်း၊ လုပ်သက် (၃) နှစ်လောက်ရရင် GE ဆိုတဲ့ ဆောက်လုပ်ရေးဘက် တစ်ခါပြောင်း။ ဘဝ ခပ်ကြမ်းကြမ်းတစ်လှည့်၊ သက်သောင့်သက်သာတစ်လှည့်ဆိုတဲ့မူ ရှိခဲ့ဖူးတယ်။ အသက်ကို ဖက်နဲ့ထုပ်၊ မိုင်းတွေဖုံးတွေကြားမှာ (၃) နှစ်လည်းလုပ်ပြီးရော ... လူကြီးတစ်ယောက်က 'သည်ကောင် ဖင်ပေါ့တယ်' ဆိုပြီး အလံပြဘုရားလမ်းက စစ်ရုံးကို ပြောင်းလိုက်တယ်။ ဆိုရှယ်လစ်ခေတ်ရဲ့ ပထမဆုံးသော ဗိုလ်ချုပ်ရွာကို ဆောက်ဖို့ပေါ့။ သက်သက်သာသာနေရမယ့်အချိန်မှာ ဘမောင်ဘဝက စာရေးကြီး ဖြစ်သွားတယ်၊ ဗိုလ်ချုပ်တွေကြားမှာ ဟိုပြေးသည်ပြေးပေါ့။ မရေရာမှုတွေထဲက တစ်ခုလို့ နားလည်လိုက်ပါတယ်။ တစ်ပတ်စဉ်တည်း ကျောင်းဆင်းတဲ့ သူငယ်ချင်းတွေက GE မှာ သက်သောင့်သက်သာလေးနဲ့ အားကျစရာ ကောင်းလိုက်တာ။

ဟိုလိုလို၊ သည်လိုလိုနဲ့ ဘမောင်ကို ဘယ်သူမှ ပြောင်းမပေးကြဘူး။ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး၊ ဗိသုကာဌာနမှာ (၈) နှစ် ကြာသွားတယ်။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ အပြင်ဆောက်လုပ်ရေး ကန်ထရိုက်တွေ လုပ်ရင်းနဲ့ ဘဝကို ရပ်တည်နိုင်ခဲ့ပါတယ်။ လစာ(၇၀၀)ကျပ်ဟာ ဘဝတစ်ခုကို ဘယ်လို ထောက်ပံ့နိုင်မှာတုန်းလို့။

* * *

ဘမောင်တို့တုန်းက စစ်သက် (၁၃) နှစ်လောက်ဆို ဗိုလ်မှူးဖြစ်ကြတယ်။ မေဂျာဖြစ်ရင် စစ်မြေပြင်မှာပဲ အဆင့်တိုးကို ယူရလေ့ရှိတယ်။ ကိုယ်က စစ်သက် (၁၁)နှစ်ရှိပြီဆိုတော့ ... သည်လောက် လုပ်သက်ရင့် စီနီယာကျတော့မှ စစ်မြေပြင်ကို ပို့လိမ့်မယ်လို့ မထင်တော့ဘူး၊ မထင်တာမှ လုံးဝ မထင်တော့တာ၊ ဒါပေမဲ့ သေချာတာက မရေရာတာတွေပဲမို့လား ... ။

"ဗိုလ်ကြီးဘမောင် ... အမှတ် (၉၀၅) စစ်မြေပြင်တပ်ကို သုံးရက်အတွင်း သတင်းပို့ပါ"

တော်တော်လေး ကျွဲမြီးတိုသွားတယ်။ အငယ်ဘဝက စစ်မြေပြင်၊ ပြီးတော့

mgyoe.com

mgyoe.com


ရုံးထိုင်၊ အခု စစ်မြေပြင် ထပ်ဆင်း၊ အဆင့်တိုးတော့လည်း စစ်မြေပြင်မှာ ...။ သဘာဝ ဘယ်လောက်ကျလိုက်သလဲလို့။ ပြီးတော့လည်းကြည့်ဦး၊ သွားရမယ့်နေရာက 'ဒါးကွင်း'။ 'ဦးသုတ' 'ဒါးကွင်း' ဆိုတာ နာမည်ကြီးနေရာတွေ၊ ကရင်ပြည်နယ် တက်ဖူးတဲ့သူတိုင်း သိတယ်။ (၁၉၉၀) ဆိုတဲ့ကာလရဲ့ အခြေအနေက သည်ဘက်ခေတ်ထဲ ဝင်ခါစမို့၊ အင်အားစုံနဲ့ ကိုယ့်ကို အသာစီးယူပြီး ချနေတဲ့ကာလ။ ကြောက်မွေးပါတယ်ထင်မှာစိုးလို့ ... ခပ်အေးအေးဆေးဆေးလေး သွားပြလိုက်ပါတယ်။

အမှတ် (၉၀၅) စစ်မြေပြင်က တပ်ခွဲအဆင့်ပါ။ မေဂျာက တပ်မှူးလုပ်တယ်၊ ကိုယ့်ထက် နည်းနည်းပဲ စောတဲ့သူ။ ဘမောင် ဂျီတူးတာဝန် ခဏယူထားတုန်းက မျက်နှာငယ်လေးနဲ့ လာတတ်တဲ့သူ၊ အကူအညီတောင်းတတ်တဲ့သူ၊ နောက်တန်း အပံ့အပိုးမရဘဲ ဘမောင်တို့ ရှေ့တန်းရောက်ခဲ့တယ်။ အဲဒီတုန်းက တပ်မ (၆၆) ရဲ့ တပ်မမှူးက ဗိုလ်ချုပ်အေးကျော်၊ နောက်တော့ တိုင်းမှူး၊ ဝန်ကြီးဖြစ်လာတယ်၊ အခုတော့ ဆုံးသွားရှာပါပြီ။ တပ်မမှူးကိုယ်တိုင် ဒဏ်ရာရတဲ့နယ်မြေဆိုတော့ ဘယ်လောက်အခြေအနေဆိုးသလဲဆိုတာ ခန့်မှန်းလို့ရတယ်။ ဘမောင်ရှေ့တန်းတက်မယ့်နှစ်ရဲ့ အရင်နှစ်က အခြေအနေကို မေးကြည့်လိုက်တော့ မျက်လုံးပြူးသွားတယ်၊ နောက်တန်းမှာ အသုဘရက်လည်က ဆက်နေတာပဲတဲ့။

ဘမောင် ဘာသာရေးရှုထောင့်က ယုံကြည်မှုတစ်ခုတော့ ထားတယ်။ ကိုယ့်အလောင်းက တောထဲမှာမြုပ်ဖို့ဇာတာပါရင် တောထဲမှာ ကျမှာပဲ။ မြို့မှာပဲ ခေါင်းချဖို့ ကံပါရင် တောထဲ မသွားရဲစရာ ဘာမှမရှိဘူး။ အဆိုးဆုံးကို မျှော်လင့်ပြီး အနည်းဆုံး အကျအဆုံးနဲ့ပြန်နိုင်အောင် အကောင်းဆုံး လုပ်ခဲ့တယ်။ လူမစွမ်းတော့ နတ်မတယ်ပဲ ပြောမရမလားပဲ။ ထိခိုက်ဒဏ်ရာရတာကလွဲရင် ဘမောင်တို့တပ်ဖွဲ့ တစ်ယောက်မှ အဖိတ်အစင်မရှိဘဲ နောက်တန်း ပြန်ဝင်လာနိုင်ကြတယ်။ တပ်မမှူးချီးကျူးစာလေးလည်း ရလိုက်သေးတယ်။ အားလုံးလည်း အံ့ဩသွားကြတယ်။

သည် စစ်ဆင်ရေးမှာ သေချာနေတဲ့ အဆိုးတွေက အကောင်းတွေ ဖြစ်သွားခဲ့တယ်။

ဘဝဆိုတာ တစ်ခါတစ်ခါ သည်လိုပါပဲလေ။

* * *

ငယ်စဉ်က ကျောင်းဆရာဘဝကို အားကျခဲ့တဲ့ ဘမောင်၊ စစ်သား ဖြစ်ခဲ့ရတယ်။ တပ်ထဲမှာပဲ ပင်စင်ယူတဲ့အထိ နေတော့မယ်လို့ စိတ်ဒုံးဒုံးချထားတဲ့

mgyoe.com

mgyoe.com


ဘမောင်ကပဲ ဈေးကွက်စီးပွားရေးမှာ စီးပွားရေးသမား ဖြစ်ခဲ့ရပြန်ပါတယ်။ ဘဝတွေ မရေရာတာများ သည်လောက်ထိပဲ။

ယူနီဖောင်းချွတ်ပြီး ကုမ္ပဏီထောင်၊ စီးပွားရေး စလုပ်တော့မှ အခက်အခဲတွေကို နဖူးတွေ့ ဒူးတွေ့ ကောင်းကောင်းကြီး တွေ့ရတော့တယ်။ တကယ့် နိုင်ငံတကာစီးပွားရေးသဘောကို မသိတာ၊ ဘာသာစကား၊ သုတပညာ၊ စီမံခန့်ခွဲမှု၊ အနာဂတ်အမြင် ... အများကြီးမှ အများကြီးပဲ။ အနာဂတ်ကြီးရော၊ ဘဝကြီးပါ မသေချာ၊ မရေရာပါလားဆိုတာကို သိလိုက်ရပြန်တယ်။ ကြိုးစားမှုရယ်၊ အသိအမြင် မြန်ဆန်တာရယ်၊ ကံ–ကလေး လိုက်တာရယ်ကြောင့် ဈေးကွက်စီးပွားရေးမှာ တာထွက်ကောင်းခဲ့ပါတယ်။ အရှိန်လည်း အတော်ကလေး ကောင်းခဲ့လိုက်ပါတယ်။ အသက် (၃၀) ကျော်လောက်မှာပဲ နိုင်ငံတကာစီးပွားရေးကို ထဲထဲဝင်ဝင် အင်အားရှိရှိနဲ့ လုပ်ဖြစ်သွားတော့ ... 'ငါ တော်တော် သိသွားပြီလား' ဆိုတဲ့ အတွေးမဝင်ဖြစ်အောင် တော်တော်တားယူခဲ့လိုက်ရသေးတယ်။

သည်တစ်ခါ ဘဝကြီးရော၊ အနာဂတ်ရောက လုပ်ငန်းတွေ အရမ်းအဆင်ပြေနေတော့ ... ရေရာလိုက်တာလို့ ထင်မလို့လုပ်တုန်း ...(၁၉၉၇) အာရှစီးပွားရေးပျက်ကပ်က ဘမောင်ရဲ့ စီမံကိန်း (၂၀) ကျော်ကို မြောင်းထဲပစ်ချလိုက်ပြန်တယ်။ စိတ်ဓာတ်များမခိုင်ခဲ့ရင် ဘမောင်ကိုယ်တိုင်က မြောင်းထဲရောက်သွားတဲ့ စီမံကိန်း (၂၀) ကျော်နဲ့အတူ ရှိနေမလားပဲ။ ကိုယ့်စိတ်ကို ကိုယ်ပြန်ပြီး ပြုပြင်ခဲ့ရတယ်၊ ပြန်တည်ဆောက်ခဲ့ရတယ် ...။

ကုမ္ပဏီပြန်ရောက်တော့ နှစ်များစွာ လေ့ကျင့်ပေးထားတဲ့ မန်နေဂျာတွေ၊ အထွေထွေမန်နေဂျာတွေ မရှိကြတော့ဘူး။ သူတို့လည်း ကြောက်ကြမှာပေါ့လေ ...။ ကြောက်တယ်ဆိုတာက ဘာနဲ့မှ လဲလို့ ရတဲ့အရာမှ မဟုတ်တာကိုး၊ ဘယ်သူ့ကိုမှ အပြစ်မမြင်ပါဘူး၊ ဟိုးဘက် ဘဝတွေတုန်းက ... ကိုယ်က ဘာလုပ်ခဲ့သလဲမှ မသိတာ။ သည်ဘဝ၊ သည်အချိန် အကျိုးပေးချိန်တန်လို့ ... အဲဒီအကျိုးကို ပြန်ခံစားရတယ်လို့ပဲ မှတ်လိုက်ပါတယ်။ အကုသိုလ်တွေကို ထပ်ပြီး မယူချင်တော့ဘူး ...။

ဘဝတွေများ ... မရေရာတာ ... အဲသလိုမျိုးထိ။

* * *

အတော်ကလေး အင်အားရှိရှိဖြစ်နေတဲ့ ကုမ္ပဏီကို အခြေကစပြီး ပြန်တည်ထောင်ခဲ့ရပါတယ်။ စီးပွားရေးကို အင်တိုက်အားတိုက် လုပ်ချင်တဲ့စိတ်

mgyoe.com

mgyoe.com


မရှိတော့ဘူး။ 'ခဲ' ဆိုတာ တစ်ခါမှန်တာပဲ ကောင်းတယ်၊ ခဏခဏမှန်ရင် ကောင်းတာ မဟုတ်ဘူး။

စီးပွားရေးလုပ်နည်း မဟာဗျူဟာကို ဘမောင် တစ်မျိုး ပြောင်းလိုက်တယ်။ ကိုယ့်အချိန် အသုံးချမှုကိုလည်း အစီအစဉ်ပြောင်းလိုက်တယ်။ ကျန်တဲ့ဘဝမှာ အကျိုးရှိရှိ အသုံးချနိုင်အောင် လူနေမှုပုံစံကိုလည်း ပြောင်းလိုက်တယ်။ စာတွေ ရေးဖြစ်လာတယ်၊ စာတွေ ဖတ်ဖြစ်လာတယ်၊ ဘာသာရေးဘက် အချိန်ပိုပေးဖြစ်လာတယ်။ တစ်ချိန် စီးပွားရေးကို မဟာဗျူဟာကျကျ၊ ခပ်ပြင်းပြင်းလေး ပြန်လုပ်တဲ့အခါကျရင် အထောက်အပံ့ဖြစ်အောင် စီးပွားရေးပညာဘက်ကို ဖောင်းပေးလိုက်တယ်။ လေ့လာမှုတွေ များများလုပ်တဲ့အခါကျတော့မှ … ဘမောင်ခေါင်းထဲ ခပ်ထင်ထင်ပေါ်လာတာက …

'ငါ … တော်တော် မသိသေးတဲ့လူပါလား' ဆိုတာပဲ။ 'ငါတော်တော် ညံ့သေးတဲ့ လူပါလား' ဆိုတာကလည်း ကပ်လျက် ပါလာပြန်တယ်။ ဟုတ်တယ် … လောကမှာ သိစရာတွေ အများကြီးပဲ၊ တတ်စရာတွေလည်း အများကြီးပဲ။ ဘာသာရေးလေးဘက် အချိန်ကလေးပေးပြီး အလေ့အလာလုပ်တဲ့အခါမှာ …

"သည်ဘဝရဲ့ အနာဂတ်ကြီး မပြောနဲ့ ဘဝများစွာတောင် မရေရာကြပါလား"

ဆိုတာ ထပ်သိလာတယ်၊ လုပ်ခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်၊ ဝိပဿနာရဲ့ သဘော၊ အလေ့အကျင့်နဲ့ သေခါနီးဇောတွေရဲ့သဘာဝကို ခပ်ကြမ်းကြမ်းလေး သိရုံနဲ့ … တော်တော် ထိတ်လန့်စရာ၊ မရေရာမှုတွေကို တစ်စွန်းတစ်စ ခပ်ပါးပါးလေး သိလိုက်ရပါတယ်။

ဟုတ်ပါတယ်၊ ဘာမှမဟုတ်တဲ့ လူ့ဘဝဖြတ်သန်းပြီး နှစ်ပေါင်း (၅၀) ကျော်လေးမှာတောင် မရေရာတဲ့ ဖြစ်တည်မှုတွေ၊ ဖြတ်သန်းမှုတွေ၊ ခံစားမှုတွေကို ကြုံခဲ့ရပြီးပြီပဲ။ တတ်နိုင်သလောက် ကျန်တဲ့ခရီးမှာ ဟိုရမ်း၊ သည်ရမ်းမဖြစ်ဘဲ ဦးတည်ချက်ကလေး နည်းနည်းပါးပါးမှန်အောင် 'ရွက်' တပ်၊ 'ပဲ့' တပ်ရပါဦးမယ်။

'ကံ' ဆိုတာ မြင်ရတဲ့အရာ မဟုတ်ပါဘူး၊ သေချာတာက အဲဒီ 'ကံ' ဆိုတာကြီး ရှိနေတာရယ်၊ မရေမတွက်နိုင်တဲ့ ဘဝများစွာက အကျိုးပေးအင်အားကြီးတွေကို အချိန်တန် ပြန်ခံစားရတယ်ဆိုတာတော့ ရေရေရာရာ ရှိနေပါတယ်။ ဘယ်လို၊ ဘယ်အချိန် ခံစားရမယ်ဆိုတာကတော့ မရေမရာပါပဲ။ ဘာသာရေး အဆုံးမလေးတစ်ခုကတော့ ယူတတ်ရင် အားဆေးတစ်ခွက်ပါပဲ။ 'ကံ' 'ဉာဏ်'

mgyoe.com

mgyoe.com

'ဝီရိယ' 'စိတ်' ဆိုတာ ရှိနေပါတယ်။ 'ကံ' ကလွဲရင် ... ကျန်သုံးခုကို ကြိုးစားယူရင် ရနိုင်ကြပါတယ်။ 'ကောင်း' ပြီးရင် 'ဆိုး' တတ်တဲ့သဘော ရှိနေသလို 'ဆိုး' ပြီးရင်လည်း 'ကောင်း' တတ်တဲ့ သဘာဝကတော့ ရှိနေမလားပဲ။

မရေရာတာတွေထဲက ... တစ်ခုခုကိုတော့ ရေရေရာရာလေးဖြစ်အောင် လုပ်ကြည့်ချင်သေးတယ်။

၀

mgyoe.com

mgyoe.com

# တစ်ရှက်ကြွေ၊ နှစ်ရှက်ဝေ

25th November 2009

သည်တစ်နှစ်၊ နှစ်နှစ်အတွင်း စာရေးဆရာကြီးများ၊ ဆရာမကြီးများ အတော်ကလေးဆုံးရှုံးခဲ့ကြရတာကို ဘမောင် သတိထားမိနေတယ်။ အဖိုးတန် ရတနာတွေ ရုတ်တရက် ပျောက်ဆုံးသွားသလို ခံစားရတယ်။ အကြောင်းကလေး ညီညွတ်လို့ စာပေတွေနဲ့ ရင်းနှီးခွင့်ရတဲ့အခါ ဆရာကြီးတွေရဲ့စာအုပ်တွေက ရလာတဲ့ အတွေးအခေါ်၊ အယူအဆ၊ ဒဿနတွေဟာ ကိုယ့်ဘဝမှာ ဘယ်လောက် အသုံးဝင်၊ အကျိုးပြုခဲ့သလဲဆိုတာ ဘမောင်တို့ သိနေတယ်။ လူတွေမှာ မြင်စွမ်းနိုင်တဲ့နေရာ နှစ်နေရာ ရှိတယ်တဲ့၊ တစ်ခုက 'မံသ' ဆိုတဲ့ အသားမျက်စိ၊ တစ်ခုက 'ဉာဏ' ဆိုတဲ့ ပညာမျက်စိ။

'မံသ' ဆိုတဲ့ အသားမျက်စိက မွေးကတည်းက ပါလာတာ၊ 'ဉာဏ' ဆိုတဲ့ အသိဉာဏ်ကတော့ မွေးကတည်းက ပါလာပေမဲ့ အသုံးချမှ မြင်မှုအားကောင်းတယ်။ အသားမျက်စိရဲ့ အမြင်အားမှာ အကန့်အသတ်တွေက ရှိနေတယ်။ စာကလေးတစ်ကြောင်းကိုပဲ သုံးလေးပေလောက်ခွာလိုက်ရင် မြင်နိုင်စွမ်းမရှိတော့ဘူး၊ ဉာဏ်မျက်စိကျတော့ အလေ့အကျင့်၊ အလေ့အလာပေါ် မူတည်ပြီး တစ်ဦးနဲ့တစ်ယောက် အများကြီး ကွာသွားနိုင်တယ်။ ဘယ်လောက်ပဲဝေးဝေး မြင်နိုင်တယ်၊ ဘယ်လောက်နက်နက်လည်း ကြည့်နိုင်တယ်။ သာမန်မျက်လုံးတစ်စုံတည်းနဲ့ ဘဝကို မတည်ဆောက်နိုင်ဘူး၊ ဉာဏ်အမြင်နဲ့ပဲ အနာဂတ်ကို ကိုယ်လိုသလို ပုံသွင်းထုဆစ်နိုင်တာ။ ဘမောင်တို့နိုင်ငံမှာ အဲဒီအသိဉာဏ်တွေ တစ်စုံတစ်ရာ

mgyoe.com

mgyoe.com


အင်အားကောင်းဖို့ လို တယ်။ အကြီးအကျယ်လည်း ဖြည့်ဆည်းရဦးမယ့် ကွက်လပ်ကြီးတစ်ခုလည်း ဖြစ်တယ်။

* * *

မှတ်မိသေးတယ်၊ ငယ်ငယ်တုံးက ဆရာကြီး ကာတွန်းအောင်ရှိန်ရဲ့ 'ရှုံစားနဲ့ ဒိန်းဒေါင်' 'ဦးလူပေါ်နဲ့ ဉာဏ်ကျယ်လေး' 'ဦးစိတ်တိုနဲ့မျောက်ညို' စတဲ့ ကာတွန်းတွေ၊ ဘမောင်တို့ အဲဒါတွေနဲ့ ကြီးပြင်းလာခဲ့ကြတယ်။ နောက်တော့ ရှားရှားပါးပါး ကာလာစုံနဲ့ရိုက်တဲ့ 'ရွှေသွေး'၊ ကာတွန်းတွေဆိုလို့ အပျော်သက်သက် မဟုတ်ဘူး။ မကောင်းမှု၊ ကောင်းမှု၊ မကောင်းသူ၊ ကောင်းသူစတာတွေကို ခွဲခြားတတ်အောင် အသိတွေ ထည့်ပေးထားတယ်။

ကာတွန်းပျော်ဘဝကလွန်တော့ မြဝတီတို့၊ ငွေတာရီတို့ခေတ်ပေါ့။ တစ်ဆင့်တက်တော့ ဝတ္ထုတွေ၊ ဆောင်းပါးတွေ။ စာပေရသအမျိုးမျိုးကို ခံစားလာနိုင်တဲ့ အပြင် အသိအမျိုးမျိုးက တစ်ခုမဟုတ်တစ်ခု တိုးတိုးနေတတ်တယ်။ စာတစ်ပုဒ်၊ နှစ်ပုဒ်ဖတ်အပြီးမှာ ဖတ်သူနဲ့ မဖတ်သူကြား ကွာဟမှု သိပ်မသိသာပေမယ့် လေး၊ ငါး၊ ဆယ်နှစ်လောက် ခရီးတစ်ခုမှာ စာဖတ်သူနဲ့ စာမဖတ်သူတွေရဲ့ ဒုတိယအမြင်မှာ အတော်ကလေး ကွာလာတာ တွေ့နိုင်တယ်။

စာမဖတ်သူက အမေကပေးလိုက်တဲ့ 'မ်သ' ဆိုတဲ့ အသားမျက်စိကိုပဲ အားထားရသူဖြစ်လာပြီး စာဖတ်သူတွေမှာ ဒုတိယအမြင်တွေ ရှိလာတယ်။ ဒုတိယအမြင် တစ်စုံတစ်ရာ အားကောင်းခြင်းဟာ ဘဝရွက်လှေမှာ 'ရွက်' ရယ်၊ 'တက်' ရယ်၊ 'ပဲ့' ရယ်ဆိုတဲ့ စွမ်းရည်သုံးမျိုးကို တပ်ပေးခြင်းခံလိုက်ရတာပဲ ဖြစ်ပါတယ်။

ကျောင်းတွေကသင်ပေးလိုက်တဲ့ ကျောင်းအသိ၊ ကျောင်းစာဟာလည်း အရာတစ်ပါးပါ။ ပြင်ပက စာရေးဆရာ၊ ဆရာမကြီးတွေက သူတို့ဘဝတစ်လျှောက် ရှည်လျားတဲ့အချိန်တစ်ခုကို ဖြတ်သန်းပြီး ရခဲ့တဲ့ အတွေ့အကြုံတွေကို မျှဝေလိုက်တဲ့ အသိအမြင်ပေး စာတွေကိုဖတ်ပြီး မှတ်သားရတာလည်း အရာတစ်ပါးပဲ ဖြစ်ပါတယ်။ ကျောင်းစာသင်ခန်းတွေကထွက်ပြီး ဘဝတစ်ခုကို လက်တွေ့တည်ဆောက် ထုဆစ်ကြတဲ့အခါမှာတော့ သင်စာတွေရဲ့ အခန်းကဏ္ဍက အတော်ကလေး အချိုးအစားနည်းသွားပါတယ်။ ဝန်ထမ်းဘဝ၊ ကိုယ်ကျွမ်းကျင်တဲ့ ပညာရှင်ဘဝတွေကို တည်ဆောက်ရာမှာလောက်ပဲ အထောက်အကူရပါလိမ့်မယ်။ ပိုပြီးကျယ်ပြောတဲ့ဘဝ၊ ပိုပြီးအသက်ဝင်လှုပတဲ့ဘဝ၊ ဦးဆောင်အခန်းကနေ ပိုပြီးကြီးကျယ်တဲ့ဘဝတစ်ခုကို တည်ဆောက်ကြတဲ့အခါမှာ ဆရာ၊ ဆရာမကြီးတွေ

mgyoe.com

mgyoe.com


ထားရစ်ခဲ့တဲ့ စာပေက အမိကလက်နက်တွေ၊ အောင်ပွဲရရာ၊ ရကြောင်းတွေဖြစ်ဖို့ အထောက်အပံ့တွေ ဖြစ်လာပါတယ်။

ပညာရှိကြီးတစ်ဦးပြောတာ မှတ်သားဖူးတယ်။

'စာဖတ်ပါ၊ များများဖတ်ပါ' တဲ့။

'စာဖတ်ရပ်တဲ့နေ့ဟာ အမြင် ကန်းတဲ့နေ့ပဲ' တဲ့။

ခပ်ကြမ်းကြမ်း၊ ခပ်ထိထိလေး ပြောခဲ့၊ ရေးခဲ့တာပါ။ ဟုတ်လည်း ဟုတ်ပါတယ်။ အထူးသဖြင့် ရည်မှန်းချက် ခပ်ကြီးကြီးတစ်ခုနဲ့ ဘဝကို တည်ဆောက်ဖို့ ကြိုးစားနေကြတဲ့သူတွေ စာများများ ဖတ်သင့်တယ်။

* * *

စာပေဟာ လူမျိုးတစ်မျိုးရဲ့ ဝိညာဉ်ပဲ။ လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှုလည်း ဖြစ်ပါတယ်။ လူမျိုးတစ်မျိုးရဲ့ တိုးတက်မှုလည်း ဖြစ်ပြန်ပါတယ်။ တစ်ချိန်က ယဉ်ကျေးမှုသြဇာကြီးခဲ့တဲ့ 'မာယာ' လူမျိုးတွေခေတ်မှာ စာပေဟာ ကြီးကြီးကျယ်ကျယ် ထွန်းကားခဲ့သလို ကမ္ဘာကို ဖိန့်ဖိန့်တုန်စေခဲ့တဲ့ ရောမတွေရဲ့ စာပေယဉ်ကျေးမှုဟာလည်း သြဇာ ကြီးမားခဲ့ပါတယ်။ လူမျိုးတစ်စု၊ တိုင်းပြည်တစ်ခု တိုးတက်ဖို့ စာပေဟာ မရှိမဖြစ်တဲ့အရာပါ။ အဲဒီ စာပေတွေကို စာရေးဆရာကြီးများ၊ ဆရာမကြီးများက နိုင်ငံအမွေအဖြစ် ထားရစ်ခဲ့ကြတာပါ။

အင်တာနက်ထဲဝင်လိုက်ရင် အရေအတွက် သန်းပေါင်းများစွာသော စာပေအချက်အလက်ကို တွေ့ရမှာ ဖြစ်ပါတယ်။ ရာစုနှစ်အလိုက်၊ ထောင်စုနှစ်အလိုက် အတိတ်က စာတွေကိုလည်း လေ့လာနိုင်တယ်။ အဖိုးတန်စာတွေကို အဲသလို ထိန်းသိမ်းထားနိုင်ရမှာ ဖြစ်ပါတယ်။ ဘမောင်တို့ဆီမှာ စာပေထိန်းသိမ်းမှုနဲ့ ပတ်သက်လို့ တစ်စုံတစ်ရာ အင်အားနည်းနေသေးတာ ဝမ်းနည်းစရာတစ်ခု ဖြစ်နေတယ်။ ဖတ်ချင်တဲ့စာတွေ မဖတ်ရဘူး၊ သိမ်းချင်တဲ့စာတွေ မသိမ်းနိုင်ဘူး ဖြစ်နေတယ်။ ယဉ်ကျေးမှုတစ်ခု ပျောက်ဆုံးနေသလိုပဲ၊ အဖိုးတန်ရတနာတွေ ဆုံးရှုံးနေသလိုပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀) ကျော်လောက်တုန်းက ဘမောင်တို့ Publisher ဖြစ်ခဲ့ဖူးသေးတယ်။ အုပ်ရေ (၁၀၀၀) လောက်ကုန်အောင် အတော်ရောင်းရတဲ့ အချိန်၊ အုပ်ရေ နှစ်ထောင်၊ သုံးထောင်ကုန်တဲ့ စာရေးဆရာဆိုရင် 'စူပါ' တန်းဝင်ပဲ။ တစ်ချိန် ပြောင်းလာနိုင်ကောင်းတယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဖြတ်သန်းလာတာ နှစ် (၃၀) ကျော်ပြီ။ သည်နေ့ Publisher တွေ မေးကြည့်တော့ ဘမောင်တို့

mgyoe.com

mgyoe.com


တုန်းကလိုပဲ အုပ်ရေ (၁၀၀၀) လောက်ကို တော်တော် ရောင်းယူနေရတုံးပဲတဲ့။

တိုးတက်တဲ့နိုင်ငံတွေမှာ ထွက်လိုက်တဲ့ စာအုပ် ဂျာနယ်တွေ၊ ထောင်နဲ့ သောင်းနဲ့ ချီတယ်။ ဘမောင်တို့ဆီက အရေအတွက်က သူများအစွန်းထွက်လောက်ပဲ ရှိသေးတယ်။ ပြီးတော့ တိုးတက်တယ်ဆိုတဲ့ နိုင်ငံတွေဟာ ဝင်ငွေ တစ်ခုရဲ့ ရာခိုင်နှုန်းဘယ်လောက်ကို စာအုပ်၊ စာပေမှာ ဘယ်လောက် သုံးရတယ် ဆိုတဲ့ ညွှန်းကိန်းနဲ့တိုင်းရင်လည်း ဘမောင်တို့အတွက် အားမရဘူး။ လူဦးရေနဲ့ တွက်တဲ့ စာအုပ်အချိုးအစား ညွှန်းကိန်းအရလည်း အားရှိစရာ မတွေ့ရပြန်ဘူး။

ထက်မြက်၊ လတ်ဆတ်၊ စူးရှတဲ့ စာတွေရဖို့ စာရေးဆရာတွေ ဦးဆုံး ရပ်တည်နိုင်ဖို့ လိုတယ်။ သူတို့ဆီမှာ စာအုပ်တစ်အုပ်လောက် 'ပေါက်' သွားရင်၊ ကော်မရှင်ခနဲ့ တစ်သက်တာ ထိုင်စားလို့ရတယ်။ ဘမောင်တို့ဆီမှာ အင်မတန် ကျော်ကြားတဲ့ ဆရာတွေ၊ အထင်ကရဖြစ်ခဲ့တဲ့ ဆရာကြီးတွေ ဘဝအတွက် လုံလုံခြုံခြုံ စိတ်မချနိုင်ကြသေးဘူး။ စာပေတစ်ခုတည်းနဲ့ ဘဝရပ်တည်နိုင်ဖို့ အတော်ခက်ခဲကြတာ သတိထားမိတယ်။ လူဦးရေနဲ့ စာရေးဆရာ အချိုးအစား တွက်ကြည့်ရင်လည်း အတော်ကလေးနည်းပါးပြီး သက်သောင့်သက်သာနဲ့ စာရေးပြီး ဘဝကို ဖြတ်သန်းနိုင်သူ အရေအတွက်ကလည်း မရှိသလောက်ပါပဲ။ ကိုယ်လည်း ဘာကောင်မှမဟုတ်တော့ ... ဝမ်းနည်းပက်လက်ဖြစ်ရုံကလွဲပြီး ဘာမှ မတတ်နိုင်ဘူး။ သည်ကွက်လပ်ကလည်း အတော်ကြီး ဖြည့်ဆည်းဖို့ကောင်းတဲ့ အရာတစ်ခုပါပဲ။

ဘမောင်က လုပ်ငန်းရှင်၊ ဝမ်းရေး လုံလုံခြုံခြုံရှိသူတစ်ယောက်ဆိုတော့ စာကို ခပ်ဖြောင့်ဖြောင့်လေး ရေးနိုင်တယ်။ ကိုယ့်လုပ်ငန်းက အလုပ်လေးလုပ်လိုက်၊ စာလေးရေးလိုက်နဲ့။ တချို့စာရေးဆရာတွေကို ငှဲ့စောင်းလိုက်ရင် ... စက်ရုပ် တစ်ရုပ်လို ရေးနေကြရတာ။ အဲဒါတောင်မှ လကုန်ရင် မျက်ပြူးဆန်ပြာ ဖြစ်ကြ ရတဲ့ဆရာတွေ မနည်းဘူး။ ကျန်းမာရေးနဲ့များ ဆေးရုံတက်လိုက်ရင် ... မစဉ်းစား ရဲဘူး။ သည်က စာရေးဆရာများ ဂရုဏာသက်ဖို့ အတော်ကောင်းရှာပါတယ်။ တော်တော်လေးလည်း ဒုပေဒါပေ ခံနိုင်ကြရှာတယ်။ တော်ရုံ စာပေချစ်စိတ်နဲ့ လုပ်နိုင်ကြတာ မဟုတ်ဘူး။

* * *

အရင်က ဆရာကြီးတွေ၊ ဆရာမကြီးတွေကို နာမည်တစ်ဦးချင်းတော့ မရေးတော့ဘူး၊ နာမည်ကျန်သွားရင် တန်းမဝင်ဘူးလို့ ယူဆကြမှာစိုးလို့။

mgyoe.com

အရေအတွက် အတော်ကလေး ရှိခဲ့တယ်။ တချို့ အသက်တွေ တော်တော်လေး ရလာကြပြီ၊ တချို့ မရေးနိုင်ကြတော့ဘူး။ တချို့ တော်တော်များများလည်း တစ်နှစ်တစ်နှစ် ဖြုတ်ခနဲ၊ ဖြုတ်ခနဲ ကြွေနေကြတယ်။ ကုန်သလောက်နီးနီးတောင် ရှိတော့မယ်နဲ့ တူတယ်။ ခေတ်တစ်ခေတ်ကို ဘယ်လောက် ဦးဆောင်ခဲ့တဲ့ ဆရာကြီးတွေဖြစ်ဖြစ်၊ ဘယ်လောက် ဂန္ထဝင်မြောက်တဲ့ ဆရာကြီးတွေပဲဖြစ်ဖြစ်၊ နှောင်းဘဝအသက်ကြီးပိုင်းတွေမှာ သက်သောင့်သက်သာနဲ့ ကောင်းကောင်းနေထိုင်နိုင်တာတွေ့ရခဲတယ်။ ချို့ချို့တဲ့တဲ့၊ မထင်မရှားဘဝနဲ့ ဘဝတစ်ခုက တစ်ခုကို ကူးလိုက်ရသူတွေလည်း ရှိတယ်။ ဘယ်လောက် ရင်နင့်စရာကောင်းသလဲ။

စာရေးဆရာကြီးတစ်ဦး တစ်နေ့ လေဖြတ်သွားတယ်။ တစ်ခေတ်ကနာမည်ကြီးတစ်ဦးပါ။ သူ့စာတွေဖတ်ဖူးခဲ့ပေမဲ့ သူ့ကိုတစ်ခါမှ မမြင်ဖူးခဲ့ဘူးဖူး။ ချိုင်းထောက်နဲ့ကို လူတွဲပေးနေရသေးတဲ့အခြေအနေဆိုတော့ ... အတော့်ကိုဆိုးရှာတယ်လို့ ပြောလို့ရတယ်။ ဘမောင်ရဲ့ ရုံးကိုရောက်လာပြီး ... သူ့သားသူ့တူအရွယ်လောက်ဆီက အသံမပီကလာ၊ ပီကလာနဲ့ အကူတောင်းရှာရတဲ့ဘဝကို ဆရာကြီးမပြောနဲ့ ဘမောင်တောင်မခံစားနိုင်ဘူးဖြစ်ခဲ့ရပါတယ်။ ဆရာကြီးကို သုံးနှစ်ကျော်လောက် ... လစဉ်မပျက် ကူဖြစ်နိုင်ခဲ့တယ်။ သူမလာနိုင်တဲ့လဆိုရင် ရုံးကဝန်ထမ်းတစ်ဦးဦးကို လွှတ်ပေးတယ်။ လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်ကဆုံးသွားရှာပါပြီ။ စာပေနဲ့ မျိုးဆက်သစ်တွေအတွက်တာဝန်ကျေခဲ့တဲ့ ဆရာ့ဘဝနိဂုံးပိုင်းဟာ အတော်ကြေကွဲစရာပါ။ သည်အဖြစ်မျိုး ဘယ်လောက်များများ ရှိခဲ့ပြီလဲ၊ ရှိနေဦးမလဲဆိုတာ စစ်တိုက်ခဲ့တဲ့ဘမောင် အတွေးမရဲဖြစ်နေရတယ်။

ဘမောင်တို့နဲ့ ရွယ်တူ ခြောက်ဆယ်နီးပါးတန်းတွေကို ကြည့်လိုက်ရင်ရှေးကလို ဂန္ထဝင်ဆရာကြီးတွေဖြစ်လာမဲ့ အရေအတွက်က အတော်နည်းတယ်၊ အားရစရာ မကောင်းလှဘူး။ မြန်မာစာပေ အတက်ခရီးလား၊ အကျခရီးလားဆိုတာ အတော် သံသယရှိစွာ ဆွေးနွေးရမယ့်ကိစ္စ ဖြစ်လာပြီ။ အရင်တုန်းကလို ရဲရဲတွေး၊ ရဲရဲရေးတာတွေလည်း ပျောက်သလောက် ရှိနေတယ်။

စာပေဟာ ကြီးစွာသော ပညာရပ်တစ်ပါးပါ။ စာပေမြင့်မှ လူမျိုးမြင့်တယ်ဆိုတဲ့ ယုံကြည်မှုကိုလည်း နိုင်ငံတိုင်းက ခြွင်းချက်မရှိ လက်ခံထားကြပါတယ်။ ကျောင်းစာဆိုတာက အသက်အပိုင်းအခြားတစ်ခုကျော်ရင် မနီးစပ်နိုင်တော့တဲ့ပညာ ဖြစ်သွားရပါတယ်။ ပိုပြီး နက်နဲတဲ့၊ ကျယ်ဝန်းတဲ့ ပညာဆိုတာ စာပေတွေကပဲ ရနိုင်ပါတယ်။ တစ်သက်လုံး သုံးလို့လည်းမကုန်၊ လေ့လာလို့လည်းမကုန်၊ ဖြန့်ဖြူးလို့လည်းမကုန်တဲ့ သမုဒ္ဒရာတစ်စင်းလည်း ဖြစ်ပါတယ်။ အဲဒီ သမုဒ္ဒရာရေ

mgyoe.com


ဟာ အေးမြလတ်ဆတ်တဲ့ ရေချိုလည်း ဖြစ်ပါတယ်။ အားလုံး ခေါင်းမချကြ သေးခင်အထိ ထိတွေ့သွားရမယ့်အရာလည်း ဖြစ်ပါတယ်။ အကန့်အသတ်ဆိုလို့ လည်း အသက်၊ အချိန်၊ နေရာဒေသ စတာတွေရဲ့ ကန့်သတ်ချက်နဲ့ ကင်းလွတ်ပါ တယ်။

ဘမောင်တို့ လုပ်ငန်းရှင်ဘဝမှာ စာပေတန်ဖိုးနဲ့ အသုံးဝင်မှုကို ပိုပြီး နားလည်လာတယ်။ ကိုယ့်ဘဝ ကိုယ်ထုဆစ်ရာမှာ ဦးတည်ချက်မှန်ဖို့ စာပေက အသိတွေ ရခဲ့ပါတယ်။ မှန်ကန်တဲ့ အယူအဆတစ်ခု၊ အတွေးအခေါ်တစ်ခု မဟာ ဗျူဟာ အခင်းအကျင်းကို စာပေကနေ လူတိုင်း လွတ်လပ်စွာ ရယူနိုင်ကြတယ်။ ဘဝကို ရင်ဆိုင်ကြမယ့် မျိုးဆက်သစ်တွေဟာ သာမန်စက္ခုအမြင်ထက် ဉာဏ် အမြင် တစ်စုံတစ်ရာသန်စွမ်းဖို့ စာပေတွေကို များများဖတ်သင့်ကြတယ်။

စာဖတ်ပါ၊ များများဖတ်ပါ၊ စာမဖတ်သူဟာ ရှင်လျက်သေသူပဲ ဖြစ်ပါ တယ်။

* * *

ငယ်ငယ်တုန်းကဆိုရင် ဘမောင်တို့ စာကို စုံအောင်ဖတ်တယ်။ ရသစာပေ ကို အရသာပိုတွေ့တယ်။ ရသပီပြင်တဲ့ စာလေးတစ်ပွဲကိုများ ဖတ်လိုက်ရပြီဆိုရင် နှစ်ရက်၊ သုံးရက်လောက် ရင်ထဲက မထွက်ဘူး။ အရွယ်ကလေးရလာတော့ ဖတ် သင့်တဲ့စာတွေ၊ ကိုယ်တည်ဆောက်မယ့်ဘဝနဲ့ သင့်တဲ့စာတွေ ရွေးဖတ်တဲ့ဘက် ရောက်သွားတယ်။ စာဆိုတာကတော့ အစုံဖတ်သင့်တယ်။ အရွယ်နဲ့အချိန်က သူ့ဘာသာသူ ရွေးချယ်တတ်မှုကို ပေးလာလိမ့်မယ်။

တချို့စာတွေ မျက်နှာနဲ့မခွာအောင်ကို ဖတ်ကြတာတွေလည်း တွေ့ဖူး တယ်။ ပြန်အသုံးချတယ် သိပ်မရှိလှဘူး၊ ပြန်ပြီး မျှဝေ၊ ရေးသားတာလည်း မတွေ့ရဘူး။ အဲဒါတော့ မကောင်းဘူးပေါ့။ ကိုယ်သိတာကို သိရုံအဆင့်မှာပဲ ထားရင် ... ဘာလုပ်မှာလဲ ... ကိုယ့်စိတ်ဆန္ဒတစ်ခုတည်း ကျေနပ်ဖို့လား၊ အများ အတွက် အကျိုးမပြုတော့ဘူးလား။

အသင့်အတင့်ချောင်လည်တဲ့ သဘော်ာအရာရှိဟောင်းတစ်ယောက်ကို တွေ့ဖူးတယ်။ မနက်ဘက် လက်ဖက်ရည်ထွက်သောက်၊ ပြီးတော့ တစ်နေ့လုံး အခန်းအောင်းပြီး စာဖတ်၊ လက်တွေ့လုပ်ငန်းမရှိ၊ ပတ်ဝန်းကျင်နဲ့လည်း အဆက် အဆံက ပြတ်တောက်မှန်းမသိ ပြတ်တောက်သွားတယ်။ သူ ဆုံးပါးသွားတော့ သူ့အခန်းထဲမှာ စာအုပ်တွေက အပြည့်ပဲ။ ဒါပေမဲ့ ဘာမှ သူသိတာတွေကို အသုံးချ

mgyoe.com

မသွားခဲ့ဘူး။ သားသမီးတွေကိုတောင် စာထဲကရတဲ့ အသိတွေနဲ့ ကောင်းကောင်းဆုံးမ မသွားခဲ့ဘူးတဲ့။ သည်လို စာဖတ်ခြင်းမျိုးကိုတော့ ဘမောင်တို့ သိပ်ပြီး မထောက်ခံချင်ဘူး။

ပညာသိစွမ်းရည်ဆိုတဲ့ Knowledge Power ဆိုတာ သိတာကို အသုံးချနိုင်မှ အဲဒီ Power ထွက်လာတာ။ တိုးတက်မှုတစ်ခုကို တည်ဆောက်ရာကြတဲ့ အခါမှာ တကယ့်လက်နက်ပဲ၊ အဲဒီပါဝါရဖို့ Application ဆိုတဲ့ ပြန်လည်အသုံးချမှုက လိုကို လိုအပ်ပါတယ်။ လုပ်လည်း လုပ်သင့်တယ်။ ကိုယ်တစ်ယောက်တည်းသိပြီး ဘာမှ အသုံးမချရင် အဓိပ္ပာယ်မရှိဘူး။

စာဖတ်တယ်ဆိုတာ အဓိပ္ပာယ်ရှိဖို့ လိုတယ်။ ဘဝတစ်ခု၊ ကိုယ့်လုပ်ရပ်တစ်ခုကလည်း အဓိပ္ပာယ်ရှိနေဖို့ လိုတယ်။ ပြီးတော့ လူဆိုတာ ပတ်ဝန်းကျင်နဲ့နေရတဲ့ သတ္တဝါ။ လူမှုရေးသားကောင်၊ နိုင်ငံရေးသားကောင်၊ ပြီးတော့ နောက်မျိုးဆက်သစ်တွေအတွက်လည်း တိုက်ရိုက်တာဝန်ရှိကြတဲ့သူတွေ၊ ကိုယ့်တာဝန်ကိုယ်ကျေကြဖို့ ကောင်းတယ်။

* * *

အရင့်အရင် ဆရာကြီးတွေ၊ ဆရာမကြီးတွေက တာဝန်ကိုယ်စီ ကျေခဲ့ကြပြီးပြီ။ ထိုက်ထိုက်တန်တန် လမ်းပြနိုင်ခဲ့ကြတဲ့ အသိပညာအမွေအနှစ်ကို စာပေကတစ်ဆင့် ထားပေးနိုင်ခဲ့ကြတဲ့သူတွေ ဖြစ်ပါတယ်။ အဆင့်အတန်းရှိရှိ၊ အသိမြင့်မြင့် ပေးနိုင်ခဲ့ကြတယ်။ မျိုးချစ်စိတ်ကစပြီး တိုးတက်စိတ်တွေအဆုံး သူတို့တစ်ဦးချင်း စာပေသစ္စာနဲ့ လက်ဆင့်ကမ်းခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီ မျိုးဆက်ဟောင်းဆရာကြီးတွေ၊ စာပေတာဝန်ကျေခဲ့တဲ့ ဆရာကြီးတွေဟာ သည်နေ့ တဖြုတ်ဖြုတ်ကြွေနေကြပါပြီ။

ပြောင်းလဲခြင်း၊ မတည်မြဲခြင်းဟာ ပရမတ္တသစ္စာပါ။

အစားထိုးနိုင်ကြဖို့ပဲ လိုပါတယ်။

တစ်ရွက်ကြွေရင် နှစ်ရွက်ဝေကြရပါ့မယ်။

နှစ်ရွက်ကြွေလို့မှ တစ်ရွက်မဝေနိုင်ရင် ... အမျိုးပေါ် စောင့်သိခြင်းမည်မှာ မဟုတ်ပါ။

ဝ

mgyoe.com

# အကျိုးဆောင်အဖွဲ့အစည်းများ

27th November 2009

Interest Groups ဟုဆိုသည်။ အချို့ Special Interest Groups ဟူသော အထူးအခွင့်ရ အကျိုးဆောင်အဖွဲ့များလည်း ရှိသည်။

**အခွင့်ရ အကျိုးဆောင် အဖွဲ့ဆိုသည်**

လူမှုမြို့ပြအဖွဲ့အစည်း (Civil Society) အားကောင်းသောနိုင်ငံများတွင် အကျိုးဆောင် အဖွဲ့များ များစွာရှိသည်။ အချို့ အင်အားတစ်စုံတစ်ရာအထိ ကြီးကြ၏။ Interest Group ကို နားလည်ရန် ...

"An interest group is an organization that attempts to influence public policy in a specific area of importance to its members." ဟုဆိုသည်။

အကျိုးဆောင် အဖွဲ့ဆိုသည်မှာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး သီးသန့်ကဏ္ဍတစ်ခု၏ အရေးကြီးသော အများဆိုင်ရာမူဝါဒတစ်ခုအပေါ် အများအကျိုးအလို့ငှာ ဩဇာသက်ရောက်ရန် ကြိုးပမ်းကြသူများအဖြစ် အဓိပ္ပာယ်ပေါ် လွင်နေပါသည်။ အများအကျိုးဆောင်မှု သဘာဝကို အခြေခံသည်။ ခြွင်းချက်တစ်ခုမှာ 'IG' သည် နိုင်ငံရေးပါတီများအရေးတွင်မူ ဆန့်ကျင်ဘက်ဖြစ်၏။ သူတို့၏ နိုင်ငံရေး ရည်မှန်းချက်များအတွက် အဖွဲ့ဝင်တို့အတွင်း နိုင်ငံရေးခေါင်းဆောင်များကို ရွေးချယ်၍ အစိုးရအဖွဲ့တွင်းသို့ မပါဝင်စေကြ၊ ဥပမာအားဖြင့် အတော်အတန် လူသိများလာပြီ ဖြစ်သော "Myanmar E-gress" လို အဖွဲ့အစည်းမျိုး ဖြစ်သည်။ နိုင်ငံရေး

mgyoe.com

mgyoe.com


အသိအမြင်ပေးသော သင်တန်းများ ဖွင့်လှစ်သော်လည်း နိုင်ငံရေးရည်မှန်းချက် မထား၊ နိုင်ငံရေးအသိအမြင် တစ်စုံတစ်ရာ ကျဆင်းနေသော မျိုးဆက်သစ်တို့ အတွက် အသိအမြင်ဖွင့်ပေးသော လူမှုအဖွဲ့အစည်း သက်သက်တစ်ရပ်သာ ဖြစ်သည်။ ဤသို့ အဖွဲ့အစည်းမျိုး တစ်စုံတစ်ရာ အားကောင်းရန်နှင့် အရေအတွက် များစွာ ထွက်ပေါ်လာရန် လိုအပ်သည်။

အကျိုးဆောင်အဖွဲ့များသည် ခိုင်မာတောင့်တင်းစွာ ဖွဲ့စည်းထားတတ်ကြပြီး ကျွမ်းကျင်သော ဝန်ထမ်းများ ရှိသည်။ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေးစသော ကဏ္ဍစုံတို့တွင် မိမိတို့ စိတ်ဝင်စားရာ၌ အကျိုးပြုနိုင်ကြသည်။ နောက်ပိုင်း IG ကို ဖြန့်ကျက်အဖွဲ့အစည်း (Diversed Organization) ဟူ၍ အများက မြင်လာကြသည်။

အမေရိကန်တွင် ထင်ရှားသော Interest Groups များမှာ National Rifle Association, Sierra Club, National Association for the Advancement of Colored People (NAACP), The British Medical Association စသည်တို့ ရှိကြပြီး အချို့ အတော်ပင် ဩဇာကြီးကြသည်။ အချို့က Interest Group ကို အခြားအမည်များအဖြစ်ဖြင့် ပို၍ နှစ်သက်ကြသည်။ 'Faction' 'Organized Interests' 'Pressure Groups' 'Specified Interests' စသဖြင့်။

**အမျိုးအစားများ**

အကျိုးဆောင်အဖွဲ့အစည်းအမျိုးအစား များစွာရှိသည်။ ထင်ရှားသော အမျိုးအစားတချို့မှာ ...

- **အလုပ်သမားသမဂ္ဂ**

Labor Union ဟုဆိုသည်။ အမေရိကန်တွင် United Automobile Workers (UAW)၊ ပြင်သစ်တွင် General Confederation of Labor (CGT)၊ ဩစတြေးလျတွင် Australian Nursing Education တို့သည် တစ်စုံတစ်ရာ အင်အားကြီးမားကြပြီး စုပေါင်းအရေးဆိုခွင့် (Collective Bargaining) ကောင်းစွာ ရရှိကြသည်။ အစိုးရတစ်ရပ်ပေါ် အရေးဆိုခွင့်၊ အလုပ်ရှင်နှင့်ကုမ္ပဏီများပေါ် အရေးဆိုခွင့် ရှိကြ၏။ အင်္ဂလန်ရှိ British Trade Union Congress (BTUC) သည် နိုင်ငံရေးပါတီဖြစ်သော လေဘာပါတီအပေါ် ဩဇာကြီးမားစွာ

mgyoe.com

mgyoe.com


သက်ရောက်သည်။ အခြားသော အဖွဲ့အစည်းများမှာလည်း ရွေးကောက်ပွဲများတွင် ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်မှု မရှိစေကာမူ သူတို့ ထောက်ခံသော ပါတီများကို များစွာ အထောက်အပံ့ပေးနိုင်ကြသည်။

■ စီးပွားရေးအဖွဲ့အစည်းများ

Business Organizations ဟုဆိုသည်။ အင်အားကြီးမားသော စီးပွားရေးအဖွဲ့အစည်းတချို့က ရှိဆဲ အစိုးရများအပေါ် ဩဇာကောင်းစွာ သက်ရောက်လေ့ရှိသည်။ National Association of Manufacturers, Chamber of Commerce စသော ကုန်ထုတ်လုပ်သူများအသင်း၊ ကုန်သည်ကြီးများ အသင်းစသည့် အသင်းများသည် နိုင်ငံတော်တော် များများရှိ အစိုးရများအပေါ် တစ်စုံတစ်ရာ လွှမ်းမိုးမှုရှိသည်။ ထိုအသင်းများက တစ်ခါတစ်ရံ အလုပ်သမားများ တောင်းဆိုသော အခွင့်အရေးများ၊ အစိုးရတို့ ချမှတ်သောအခွန်အတုတ်များ လက်တွေ့ ဖြည့်ဆည်းပေးနိုင်မှုနှင့် ဆန့်ကျင်လျှင် ခုခံကြသည်။ တတိယနိုင်ငံများတွင် စီးပွားရေးအထက်တန်းလွှာများနှင့် စီးပွားရေးအဖွဲ့အစည်းများ ချိတ်ဆက်ကာ အစိုးရများနှင့် သဟဇာတ ဖြစ်လေ့ရှိကြသည်။ El Salvador တွင် မိသားစု (၁၄) စုတို့က တစ်နိုင်ငံလုံး၏ ကော်ဖီထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှုနှင့်ပတ်သက်၍ အစိုးရနှင့်ပေါင်းကာ ထိန်းချုပ်ထားသည်။ အစိုးရ၏ မူဝါဒတချို့ကိုပင် ဗီတိုဖြင့် ပယ်ချနိုင်သူများဟု အများက ယုံကြည်ကြသည်။ မက်(ခ်)(စ်)ဝါဒ နိုင်ငံများတွင်မူ ဤစီးပွားရေး အဖွဲ့အစည်းများကို နိုင်ငံတော် မူဝါဒများ ချမှတ်ရာတွင် အနားကပ်ခွင့် မပေးတတ်။

■ ဘာသာရေး၊ လူမျိုးစုစသော အဖွဲ့အစည်းများ

Gender, Religious, Ethnic and Age Groups ဟူ၍လည်း အကျိုးဆောင်အဖွဲ့အစည်းများ အုပ်စုရှိသေးသည်။ အမျိုးသမီးများအခွင့်အရေး၊ ကျား–မ တန်းတူအခွင့်အရေးအတွက် အရေးဆိုသော လှုပ်ရှားမှုကြီးကို အမေရိကန်ပြည်ထောင်စု၌ National Organization for Women (NOW) ဟူသော အဖွဲ့ကြီးက ဆောင်ရွက်ခဲ့သည်။ လူမျိုးရေး၊ လူနည်းစုများ၏ အခွင့်အရေးအတွက်လည်း NAACP, Urban League, La Raza Unida အဖွဲ့က ဦးဆောင်တောင်းဆိုခဲ့ဖူးပြန်သည်။ ကျူးဘားလိုနိုင်ငံမျိုးမှာပင်လျှင် အမျိုးသမီးများ၏ အခွင့်အရေးနှင့်ပတ်သက်၍ Federal of Cuban Women ဟူသော အဖွဲ့အစ

mgyoe.com

mgyee.com

စည်းက သဘောထားတင်းမာသော သမ္မတ ကက်စ်ထရို (Fidel Castro) ကို တောင်းဆိုသောအခွင့်အရေးများ လိုက်လျောအောင် စွမ်းဆောင်နိုင်ခဲ့ဖူးသည်။ မြန်မာပြည်တွင် အမျိုးသမီး စွမ်းဆောင်ရှင်များအသင်းမျိုးနှင့် သဏ္ဌာန်တူသည်။

■ ပြည်သူ့အကျိုးဆောင် အဖွဲ့အစည်းများ

Public Interest Groups ဖြစ်သည်။ အလုပ်သမားသမဂ္ဂများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများ အားလုံးသည် မိမိတို့အကျိုးမဟုတ်ဘဲ အများအကျိုးအတွက် သီးသီးသန့်သန့် ဆောင်ရွက်နေကြကြောင်း ယုံကြည်ကြသည်။ အရာရာ မျှတရေး၊ ကောင်းမွန် မှန်ကန်သော တရားစီရင်ရေး၊ အစိုးရများ၏ မူဝါဒမှန်ကန်ရေး စသည်တို့ကို တည့်မတ် ထိန်းကျောင်းပေးသော အဖွဲ့များဟု ခံယူထားကြ၏။ ထို့ကြောင့် Interest Groups ကို အကျိုးဆောင်အဖွဲ့များဟု နိုင်ငံတော်တော်များများက လက်ခံလာခဲ့ကြသည်။

PIG (Public Interest Groups) တို့သည် ပုဂ္ဂလိကနှင့် အများပြည်သူ (Private- Public) တို့၏ ဘုံအခွင့်အရေးများကို ကာကွယ်ပေးလေ့ရှိသည်။ ဥပမာ – ကိုယ်ဝန်ဖျက်ချခြင်းလိုမျိုး ကိစ္စရပ်မျိုး၊ အခြားသော အများ၊ ပုဂ္ဂလိကနှင့်ဆိုင်ရာ အကာအကွယ်များကိုလည်း တောင်းဆိုကြသည်။ အရက်သောက်ခြင်းနှင့်ဆက်စပ်သော မတော်တဆထိခိုက်မှုကိစ္စများ၊ အခွန်အတုတ် ဝန်ထုတ်ဝန်ပိုး ဖြစ်စေသည့်အခါမျိုး။

ထိုင်းနိုင်ငံတွင် ဘုန်းတော်ကြီးများမှာ ဘာသာရေးအပြင် PIG တဖြစ်လည်း တာဝန်တို့ကိုလည်း ထမ်းဆောင်သည်။ အသိနည်းသော တောင်သူများကို ဘုန်းတော်ကြီးများက အသိပညာပေးပြီး တဖြည်းဖြည်း ဆုတ်ယုတ်လာသော သစ်တောများကို ထိန်းသိမ်းလိုစိတ်ရှိအောင် ကောင်းစွာ စည်းရုံးစွမ်းဆောင်နိုင်ကြ၏။

■ ကျွမ်းကျင်အဖွဲ့အစည်းများနှင့်အခြား

Professional Assoication and Occupational Groups သည်လည်း IG အမျိုးအစားတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဤအမျိုးအစားတွင် American Bar Association ဟူသော အမေရိကန် ရှေ့နေများအသင်းနှင့် American Medical Association ဟူသော အမေရိကန် ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းသည် ထင်ရှား၍ အလွန် ဩဇာကြီးမားသည်။ အမေရိကန်၊ ပြင်သစ်၊

mgyee.com